# ANNUAL REPORT


## နှစ်ပတ်လည်အစီရင်ခံစာ




## ၂၀၂၂-၂၀၂၃

မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ အရ ဖွဲ့စည်းတည်ဆောက်ထားသော လီမိတက်ကုမ္ပဏီတစ်ခုဖြစ်သည့် SHWE Bank သည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့ပြီး မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

# ကျွန်ုပ်တို့၏ နှစ်ပတ်လည် အစီရင်ခံစာ အကြောင်း



ဤနှစ်ပတ်လည်အစီရင်ခံစာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အချိန်ကာလာများအတွင်း SHWE Bank ၏ ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည်များ နှင့် ငွေရေးကြေးရေးနှင့် မနှီးနွယ်သည့် စွမ်းဆောင်ရည်များကို အဓိကထား တင်ပြထားပါသည်။ လူမှုအသိုက်အဝန်းနှင့် သဘာဝပတ်ဝန်းကျင်အတွက် ကောင်းမွန်သော အကျိုးရလဒ်များကို ယူဆောင်လျက် ရေရှည်တည်တံ့မှုဆီသို့ ဦးတည်လျက်ရှိသော ကျွန်ုပ်တို့၏ ကတိကဝတ်ကို ဤအစီရင်ခံမှုတစ်ဆင့် ဖော်ပြသွားမည်ဖြစ်သည်။ ဤအစီရင်ခံစာသည် ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်နွယ်သူများဖြစ်ကြသည့် stakeholder များအား ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများ၊ စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ အသိပေး ဖော်ပြရန် ရည်ရွယ်ပါသည်။

ကျွန်ုပ်တို့၏ ဘဏ္ဍာရေးရှင်းတမ်းများသည် သီးခြားလွတ်လပ်စွာ စာရင်းစစ်ဆေးထားပြီး ဖြစ်ပြီး ကျွန်ုပ်တို့၏ ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည်များကို ပွင့်လင်းမြင်သာစွာနှင့် အသေးစိတ် ဖော်ပြထားပါသည်။



# နှစ်ပတ်လည်အစီရင်ခံစာ
# (၂၀၂၃ - ၂၀၂၄)

# မာတိကာ


၁။ ကျွန်ုပ်တို့ အကြောင်း

- SHWE Bank အကြောင်း
- SHWE Bank ၏ ဦးတည်ချက်
  - i. ရည်မှန်းချက်
  - ii. မျှော်မှန်းချက်
  - iii. ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများ
- လုပ်ငန်းဆိုင်ရာ အချက်အလက်များ
- လုပ်ငန်းဆိုင်ရာ (Milestones)
- Board of Director's Statement
- အမှုဆောင်အရာရှိချုပ်၏ အမှာစကား

၂။ ခေါင်းဆောင်မှုနှင့် လူ့စွမ်းအား အရင်းအမြစ်

- ဒါရိုက်တာ အဖွဲ့နှင့် စီမံခန့်ခွဲမှု ကော်မတီ
- စီမံခန့်ခွဲမှုအဖွဲ့
- အဖွဲ့အစည်းပုံစံ

၃။ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု

- ကော်ပိုရိတ် စီမံအုပ်ချုပ်မှုအပေါ် ချုံငုံသုံးသပ် ထုတ်ပြန်ချက်
- ဒါရိုက်တာ အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်များ
- Independent Non-Executive ဒါရိုက်တာများ၏ အခန်းကဏ္ဍနှင့် တာဝန်များ
- အချက်အလက် လုံခြုံ ထိန်းသိမ်းခြင်း
  - i. ကိုယ်ရေးကိုယ်တာ အချက်အလက်များ
  - ii. ကျင့်ဝတ်နှင့် ကိုက်ညီစွာ အသုံးပြုခြင်း
  - iii. သုံးစွဲသူများ၏ အချက်အလက်များအား လုံခြုံစွာ ထိန်းသိမ်းထားခြင်း
- ဆုံးရှုံးနိုင်ခြေနှင့် လုပ်ငန်းတွင်း ထိန်းချုပ်မှု မူဘောင်
  - i. ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု
  - ii. Risk Appetite and Strategy
  - iii. Risk Mitigation and Controls
  - iv. လုပ်ထုံးလုပ်နည်းများအား လိုက်နာခြင်းဆိုင်ရာ တင်ပြချက်
  - v. Review of the Risk Management Framework
  - vi. ရေရှည်တည်တံ့မှုဆိုင်ရာ စံနှုန်းများ
  - vii. တာဝန်နှင့် ဝတ္တရာများ
  - viii. Reporting Lines
- လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ တင်ပြချက်များ
- Disclosure Policy

၄။ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်)


၅။ ကျွန်ုပ်တို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ

- Business Banking & Consumer Banking
- Premier Banking
- Agent Banking
- Digital Banking
- Current Branches
- Current Agent Hubs

၆။ ကျွန်ုပ်တို့၏ လူမှုအကျိုးပြု လုပ်ဆောင်ချက်များ

၇။ ကျွန်ုပ်တို့၏ အောင်မြင်မှု

၈။ သီးခြားလွတ်လပ်သော စာရင်းစစ်၏ အစီရင်ခံစာ

# SHWE BANK အကြောင်း

## WHO WE ARE?

SHWE Rural and Urban Development Bank ဖြစ်သော SHWE Bank သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များထဲမှ တစ်ခုအပါအဝင်ဖြစ်ပြီး ဒေသတွင်း လူမှုအသိုက်အဝန်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကထား လည်ပတ်ဆောင်ရွက်လျက်ရှိသော ဘဏ်တစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် စတည် လည်ပတ်ခဲ့သော SHWE Bank သည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ငွေကြေးနှင့် ဘဏ်ဝန်ဆောင်မှုများကို ခေတ်မီဆန်းသစ်ပြီး အမျိုးအစားစုံလင်သော ဘဏ်လုပ်ငန်းဆိုင်ရာ ထုတ်ကုန်များမှတစ်ဆင့် ပေးစွမ်းလျက် ရှိပါသည်။ အရည်အသွေးပြည့်ဝသည့် SHWE Bank ၏ လူ့စွမ်းအားအရင်း အမြစ်၏ မြင့်မားသော စွမ်းဆောင်ရည်မှတစ်ဆင့် လူမှုအသိုက်အဝန်းဆီသို့ လူတိုင်းလက်လှမ်း မီနိုင်သော ငွေကြေးဝန်ဆောင်မှုများကို ဆောင်ယူလာလျက်ရှိပြီး ထိုမှတစ်ဆင့် အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ ဖွဲ့စည်းတည်ဆောက်ထားသော လီမိတက် ကုမ္ပဏီတစ်ခုဖြစ်သည့် SHWE Bank သည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလိုင်စင်ကို ရရှိခဲ့သည်။ ထို့အပြင် SHWE Bank သည် UOB, OCBC, Maybank ၊ Krungthai Bank ၊ Kasikorn Bank ၊ Shinhan Bank ၊ United Bank of India နှင့် Bank of Investment and Development of Vietnam အစရှိသည့် နိုင်ငံတကာ ဘဏ်လုပ်ငန်းများနှင့် လည်း လက်တွဲလုပ်ဆောင်လျက်ရှိသည်။





# ကျွန်ုပ်တို့၏ ဦးတည်ချက်

## ရည်မှန်းချက်

**ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ငွေရေးကြေးရေး ဝန်ဆောင်မှုမျိုးစုံကို ပေးစွမ်းလျက်ရှိသော မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခု ဖြစ်လာစေရန်**

SHWE Bank ၏ ရည်မှန်းချက်မှာ ကျေးလက်နှင့် မြို့ပြရှိ ပြည်သူလူထုအတွက် ပြီးပြည့်စုံသော ငွေရေးကြေးရေးဝန်ဆောင်မှုများကို ဆောင်ကျဉ်းလျက် မြန်မာနိုင်ငံ၏ ဦးဆောင်ဘဏ်တစ်ခု ဖြစ်လာစေရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ချက်များသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုများသည် မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်းတစ်ခုလုံးနှင့် ၎င်းတို့၏ လူမှုစီးပွါးဘဝ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အဓိပ္ပါယ်ပြည့်ဝသော ကောင်းကျိုးရလဒ်များကို ဆောင်ကျဉ်းလာစေမည်ဖြစ်သည်။

## မျှော်မှန်းချက်

**ကျွန်ုပ်တို့သည် အရည်အသွေးမြင့်မားသော ငွေရေးကြေးရေး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးစွမ်းခြင်းဖြင့် ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သွားပါမည်။**

ကျေးလက်နှင့် မြို့ပြရှိ သုံးစွဲသူများ၏ အဓိက လိုအပ်ချက်၊ လိုလားချက်များနှင့် ကိုက်ညီသော၊ အရည်အသွေးမြင့်မားသော ငွေရေးကြေးရေး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးစွမ်းလျက် ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု ဖော်ဆောင်သွားရန်မှာ ကျွန်ုပ်တို့ SHWE Bank ၏ မျှော်မှန်းချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘက်စုံ ထူးချွန်မှု၊ ဂုဏ်သိက္ခာ တည်ကြည်မှု၊ ဝန်ဆောင်မှုကောင်းများ ပေးစွမ်းမှုတို့ကို အလေးထား လုပ်ဆောင်လျက် တစ်ဦးတစ်ယောက်ချင်းစီနှင့် စီးပွါးရေးလုပ်ငန်းများအား စွမ်းဆောင်ရည်မြှင့်တင်ပေးလျက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကို ပြည့်မီအောင် လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့နှင့် ပတ်သက်ဆက်နွယ်သူများနှင့် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများ ထံသို့ အပြုသဘောဆောင်သော အကျိုးရလဒ်များကို ယူဆောင်လာမည်ဖြစ်သည်။



# CORE VALUES

## L — စဉ်ဆက်မပြတ် လေ့လာခြင်းနှင့် တီထွင်ဆန်းသစ်မှု

- ကြိုတင် တွေးတောစဉ်စားခြင်းနှင့် စည်းဘောင်ပြင်က တွေးနိုင်ခြင်း။
- စူးစမ်းလေ့လာပြီး မိမိကိုယ်ကို နေ့စဉ် တိုးတက်အောင်လုပ်ခြင်း၊ "လုပ်နိုင်သည်' ဆိုသည့် စိတ်သဘောထားဖြင့်ကို ဆောင်ရွက်ခြင်း။

## I — ရိုးသားဖြောင့်မတ်မှု

- ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ အကျိုးစီးပွားပဋိပက္ခမရှိခြင်း။

## F — တရားမျှတ၍ သာတူညီမျှမှု

- Merit ကို အခြေခံသော စွမ်းဆောင်ရည်တိုင်းတာခြင်း။
- အားလုံးအတွက် တန်းတူရည်တူရှိသော အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ၊ ရာထူး သို့မဟုတ် အသင်းအပင်းအားဖြင့်မဟုတ်ဘဲ လေးစားမှုရရှိခြင်း။
- လူတိုင်းသည် သူ့အခန်းကဏ္ဍနဲ့သူ ပါဝင်ကူညီနိုင်၊ ပံ့ပိုးနိုင်၊ ကြင်နာတတ်ခြင်း။

## T — အသင်းအဖွဲ့စိတ်ဓာတ်

- သဘောတူဆုံးဖြတ်ထားသည်နှင့် ဆက်လက်လုပ်ဆောင်ခြင်း။
- ပွင့်လင်းမြင်သာမှု၊ ကွဲပြားမှုများနှင့် ပူးတွဲဆုံးဖြတ်ချက်များကို လက်ခံခြင်း။
- တာဝန်ယူမှု၊ တာဝန်ခံမှု။
- တစ်ဦးချင်းအကျိုးစီးပွားအတွက် မဟုတ်ပဲ ဘဏ်၏အကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်း။

## S — ဝန်ဆောင်မှုဦးတည်စိတ်

- အပြင်နှင့် အတွင်းပိုင်း, Customer First။
- ဝန်ဆောင်မှုကို ဦးတည်သည့် GOLDEN သရုပ်ဖော်ခြင်း။

# CORPORATE INFORMATION

- **2014 July 28** — Banking License issued by Central Bank of Myanmar
- **2015 Jan 21** — Myanmar Payment Union membership
- **2015 June 23** — Authorized Dealer License
- **2015 July 01** — CBM Cheque Clearing House membership
- **2015 July 16** — SWIFT membership SRUDMMMY
- **2015 Nov 12** — Myanmar Banks Association membership
- **2016 Jan 11** — Official Launch Date

**Paid Up Capital – 65 Billion MMK**
**Number of Staff - 539**

# CORPORATE MILESTONES

## 2016

- Official Launch Opening of Main Branch, Yangon.
- Opening of Bayint Naung Branch, Yangon.
- Implementation Oracle Core Banking System
- Implementation of ATM and Card Services

## 2017

- Opening of Mandalay Branch
- Opening of Shwe Gone Thu Branch
- Opening of Yazadirti Branch

## 2018

- Implementation of Internet & Mobile Banking
- Launching of Agent Banking

## 2019

- Opening of Mawlamyine Branch

## 2020

- Re-Branding of SHWE Bank
- Organization & People Transformation
- Covid assistance for staff and public

## 2021

- Business Process Transformation
- Launching of Consumer Lending Products

## 2022

- Opening of Premier Banking
- Opening of Nay Pyi Taw Branch
- Commence Digital Transformation Program

## 2023

- Agent Banking channel growth to 10 Agent HUBs and over 100 agents across the country
- Opening of Bago Branch
- Reach all high MMK 300 billion Deposit milestone
- Award for Best Banking in Service Innovation
- New Core Banking and New Digital Banking Implementation
- Commerce Cash Management Service











# ဒါရိုက်တာအဖွဲ့၏ အမှာစကား

SHWE Bank မှာ ကျွန်ုပ်တို့ ဖြတ်သန်းခဲ့တဲ့ခရီးစဉ်တလျှောက် ကျွန်ုပ်တို့ဘဏ်၏သမိုင်းမှာ အပြောင်းအလဲကာလတစ်ခုကို ထင်ထင်ရှားရှား ဖော်ပြထားတဲ့ ကျွန်ုပ်တို့ရဲ့ နှစ်ပတ်လည် အစီရင်ခံစာကို တင်ပြရတာ အလွန်ဂုဏ်ယူပါသည်။ ကျွန်ုပ်တို့၏ မဟာဗျူဟာ တိုးတက်မှု အစီအစဉ်ကို စတင်စဉ်၊ လွန်ခဲ့သော လေးနှစ်ကတည်းက စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရန် ခိုင်မာသော အခြေခံအုတ်မြစ်ကို တည်ဆောက်ရန် ကတိကဝတ်အတိုင်း ကျွန်ုပ်တို့အခိုင်အမာ ရပ်တည်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ အဓိကဦးတည်သော ကဏ္ဍများမှာ ဝန်ထမ်းများ၊ လုပ်ငန်းစဉ်များနှင့် နည်းပညာဆိုင်ရာ အားကောင်းမှုကို တိုးတက်စေရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ထိပ်တန်းဘဏ္ဍာရေးမိတ်ဖက်ဖြစ်ရန် ကျွန်ုပ်တို့၏ ရည်မှန်းချက်အရ ထိုကဏ္ဍ ၃ခုမှာကျွန်ုပ်တို့၏ အသွင်ကူးပြောင်းရေးကြိုးပမ်းမှု၏ အဓိကကျောရိုးမဏ္ဍိုင် ဖြစ်ခဲ့ပါသည်။

အထက်ပါ အပြောင်းအလဲကာလအတွင်း ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များမှာ တိကျသေချာမှုရှိသည်။ သတ်မှတ်ထားသော ဈေးကွက်ဝေစုများအတွက် အထူးပြုစီးပွားရေးလမ်းကြောင်းများ တည်ဆောက်ခြင်း၊ ကျွန်ုပ်တို့၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရန် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို ဦးစားပေးခြင်းတို့ဖြစ်ပါသည်။ ထိုမဟာဗျူဟာလှုပ်ရှားမှုများသည် ကျွန်ုပ်တို့၏ ဖောက်သည်များ၏ တိုးတက်ပြောင်းလဲနေသော လိုအပ်ချက်များအတွက် လျင်မြန်၊ ကြံ့ကြံ့ခံနိုင်သော၊ တာဝန်ယူမှုရှိသော ဘဏ်တစ်ခု ဖြစ်ပေါ်လာအောင် ဖန်တီးပေးပါသည်။ လုပ်ငန်းတိုးတက်မှုများနှင့် နည်းပညာတိုးတက်မှုများကြောင့် ကျွန်ုပ်တို့၏ဘဏ်၏ လုပ်ငန်းဆောင်တာများပိုမိုထိရောက်မှုရှိစေခြင်း၊ ယုံကြည်စိတ်ချရသော ဆန်းသစ်တီထွင်မှုများ ဖြစ်ပေါ်စေခြင်းတို့ကြောင့် ကျွန်ုပ်တို့၏ ဝန်ထမ်းများကို သင်တန်းများပေးခြင်း၊ လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေသော လုပ်ငန်းကဏ္ဍများတွင် ဦးဆောင်နိုင်စေခြင်းဖြင့် တန်ဖိုးထားရသော ဝန်ထမ်းများအဖြစ် ပြောင်းလဲစေပါသည်။

ကျွန်ုပ်တို့ဘဏ်သည် စိန်ခေါ်မှုအမျိုးမျိုးကို ကြုံတွေ့ခဲ့ရသော်လည်း၊ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်မှာ ချီးကျူးစရာဖြစ်ခဲ့ပါသည်။ နောက်ဆုံးလေးနှစ်အတွင်း (၂၀၂၀ စက်တင်ဘာလမှ ၂၀၂၄ စက်တင်ဘာလအထိ) ကျွန်ုပ်တို့သည် Total Asset တွင် တိုးတက်မှု 11% နှင့် အပ်ငွေစုစုပေါင်းတွင် 23% ဖြင့် နှစ်စဉ်တိုးတက်မှုနှုန်းကို ရရှိခဲ့ပါသည်။ ထိုကဲ့သို့ အစဉ်အဆက်တိုးတက်မှုသည် ကျွန်ုပ်တို့ဘဏ်၏ ခံနိုင်ရည်စွမ်းအား၊ ကျွန်ုပ်တို့ပေါ်ထားသော ဖောက်သည်များ၏ ယုံကြည်မှုနှင့် ယှဉ်ပြိုင်မှုပြင်းထန်သော ပတ်ဝန်းကျင်တွင်ပင် အောင်မြင်မှုကို လိုက်လျောညီထွေဖြစ်အောင် ထိန်းသိမ်းလုပ်ဆောင်နိုင်စွမ်းကို ပြသနေခြင်းဖြစ်ပါသည်။

ယနေ့ SHWE Bank သည် အနာဂတ်တိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ပေါ်တွင် အသင့်ရှိနေပြီဖြစ်ပါသည်။ ကျွန်ုပ်တို့ဘဏ်သည် ကျွန်ုပ်တို့ဖောက်သည်များ၏ နေ့စဉ်ဘဝနှင့် ကျယ်ပြန့်သော စီးပွားရေးအတွက် မရှိမဖြစ်သော ဘဏ်တစ်ခုဖြစ်အောင် တည်ဆောက်ထားပါသည်။ မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်ဖြစ်ရန် ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက်ဖြစ်ပါသည်။ ထိုမျှော်မှန်းချက်ဖြစ်ပေါ်စေရန် ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးသော ငွေကြေးဝန်ဆောင်မှုများ ဖန်တီးခြင်းနှင့် နိုင်ငံတော်၏ ပိုမိုကျယ်ပြန့်သော စီးပွားရေးတိုးတက်မှုနှင့် သာယာဝပြောရေး ရည်မှန်းချက်များကို ပံ့ပိုးခြင်းတို့ လိုအပ်ပါသည်။

ကျွန်ုပ်တို့ SHWE Bank ရဲ့ အနာဂတ်ကို မျှော်မှန်းလိုက်လျှင်၊ ရှေ့လျှောက်အလားအလာကောင်းများနှင့် ကျွန်ုပ်တို့ အကောင်အထည်ဖော်ခဲ့သော မဟာဗျူဟာများသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ကို အောင်မြင်စေရုံသာမက၊ မြန်မာ့ဘဏ္ဍာရေး အခင်းအကျင်းတွင် ပါ အကျိုးသက်ရောက်မှုရှိသော အပြောင်းအလဲများကို တွန်းအားပေးနိုင်မည်ဟု ယုံကြည်မိပါသည်။ အသိပညာနှင့် အတတ်ပညာများ ရင်းနှီးပေးဆပ်ထားသော ဝန်ထမ်းအဖွဲ့များ၊ ကျွန်ုပ်တို့ကို ယုံကြည်မှုထားသော ဖောက်သည်များနှင့် ကျွန်ုပ်တို့နှင့် သက်ဆိုင်သူများအားလုံးကို ၎င်းတို့၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုအတွက် အထူးကျေးဇူးတင်ရှိပါသည်။



# CEO'S MESSAGE

လေးစားရပါသော ကျွန်ုပ်တို့၏ ပတ်သက်ဆက်နွှယ်သူများ၊ သုံးစွဲသူ customer များအားလုံး မင်္ဂလာပါ ခင်ဗျာ။

ကျွန်တော်တို့ရဲ့ ပထမဆုံးထုတ်ဝေသော နှစ်ပတ်လည် အစီရင်ခံစာနှင့်အတူ SHWE Bank မှ တာဝန်ရှိသူများကိုယ်စား နွေးထွေးစွာ နှုတ်ဆက်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ကျွန်တော်တို့၏ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှု၏ ရလဒ်အဖြစ်၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော SHWE Bank သည် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များထဲမှ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဘဏ်တစ်ခုပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်တွင်းလုပ်ငန်းတစ်ခုဖြစ်သည့် SHWE Bank သည် ဈေးကွက်ထဲတွင် အတုယူဖွယ်ရာ တိုးတက်မှုအောင်မြင်မှုကို ရရှိထားသော ဘဏ်တစ်ခုပင်ဖြစ်နေသည်။ ၁၀၀ ဘီလီယံ မြန်မာကျပ် authorized capital နှင့် ၆၀ ဘီလီယံ မြန်မာကျပ် paid-up capital ကို ရင်းနှီးမြှုပ်နှံလျက် ကျွန်တော်တို့၏ လူမှုအသိုက်အဝန်းတစ်ခု၏ လိုအပ်ချက်နှင့် ကိုက်ညီသော ငွေရေးကြေးရေး ဝန်ဆောင်မှုများကို တာဝန်ယူမှု၊ မှန်ကန် ယုံကြည်မှုရှိစွာဖြင့် ပေးစွမ်းလျက်ရှိသည်။

ကျွန်တော်တို့၏ အောင်မြင်မှု သမိုင်းမှတ်တိုင်များစွာ စိုက်ထူနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူစွာဖြင့် ဝေမျှပါရစေ။ စတင်တည်ထောင်စဉ်မှစ၍ ယနေ့အချိန်ထိ SHWE Bank သည် တစ်ဦးတစ်ယောက်ချင်း၊ စီးပွါးရေးလုပ်ငန်းများ နှင့် မြန်မာနိုင်ငံအဝှမ်းရှိ သုံးစွဲသူများ၏ ယုံကြည်အားထားမှုကို ရရှိထားသော ဘဏ်တစ်ခုအဖြစ် ရှိနေပါသည်။ ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် ငွေရေးကြေးရေး ဝန်ဆောင်မှုမျိုးစုံကို ပေးစွမ်းလျက်ရှိသော မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခု ဖြစ်လာစေရန်မှာ ကျွန်တော်တို့၏ ရည်မှန်းချက်ပင်ဖြစ်ပြီး ကျွန်တော်တို့ ကြိုးစားအားထုတ်မှုများ၏ ဦးတည်ရာပင်ဖြစ်သည်။

ဂုဏ်သိက္ခာ တည်ကြည်မှု၊ ဝန်ဆောင်မှု ကောင်းများ ပေးစွမ်းမှု၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်းကို အားပြုမှု၊ သာတူညီမျှစွာ ဆက်ဆံမှု၊ စာနာမှု၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုနှင့် တီထွင်ဖန်တီးမှု အစရှိသည်တို့သည် ကျွန်တော်တို့ SHWE Bank တွင် အလေးထား ဆောင်ရွက်သော အရာများဖြစ်သည်။ ထိုအရာများကို တန်ဖိုးထား အလေးထားလျက် ကျွန်တော်တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူများအား အမျိုးအစားစုံလင်သော အပ်ငွေစာရင်း နှင့် ချေးငွေ ဝန်ဆောင်မှု ထုတ်ကုန်များ၊ အေးဂျင့်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပါဝင်သော ဆန်းသစ်သော ငွေရေးကြေးရေး ဝန်ဆောင်မှုမျိုးစုံကို ပေးစွမ်းလျက်ရှိသည်။

ဆက်လက်၍ ကျွန်တော်တို့အနေဖြင့် သုံးစွဲသူများ၊ အစုရှယ်ယာရှင်များ နှင့် ပတ်သက်ဆက်နွှယ်သူများ၏ ကောင်းကျိုးကို ရှေ့ရှုလျက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုအပ်ပါသည်။ ကျွန်တော်တို့အပေါ် ထားရှိသော မိတ်ဆွေတို့၏ ယုံကြည် အားထားမှုသည် SHWE Bank အနေဖြင့် မြန်မာပြည်သူပြည်သားများ အတွက် ဝန်ဆောင်မှုကောင်းများကို ဆက်လက်ပေးစွမ်းရန် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ရာတွင် ကြီးမားသော ခွန်အားတစ်ခုအဖြစ် ဆက်လက်ရှိနေပါသည်။

ကျေးလက်နှင့် မြို့ပြနေ လူမှုအသိုက်အဝန်းများအတွက် ကောင်းကျိုးရလဒ်များကို အတူတကွ ဖန်တီး ဆောင်ရွက်ကြပါစို့။

လေးစားစွာဖြင့်

Mr. Moo Sun

Chief Executive Officer



# CEO'S PROFILE
# MOO SUN

Mr.Moo Sun သည် မြန်မာနိုင်ငံရှိ ရွှေဘဏ်၏ လက်ရှိအမှုဆောင်အရာရှိချုပ် (CEO) အဖြစ် (၂၀၂၁) ခုနှစ် ဇန်နဝါရီလတွင် ပထမဆုံးခန့်အပ်ခြင်းခံခဲ့ရပါသည်။ သူသည် ရွှေဘဏ်၏ အနာဂတ်အလားအလာများ၊ တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုများအတွက် ဦးဆောင်လုပ်ကိုင်လျက်ရှိပြီး ဘဏ်စနစ်များ၊ လုပ်ငန်းစဉ်များနှင့် လက်တွေ့ဆောင်ရွက်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းမှတဆင့် ရွှေဘဏ်၏ လုပ်ငန်းမဟာဗျူဟာ၊ ဝန်ဆောင်မှုမျှော်မှန်းချက်များ၊ ဘေးအန္တရာယ်ကင်းစင်ရေးဆိုင်ရာ မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် လုပ်ဆောင်လျက်ရှိပါသည်။ သူသည် အသိအမှတ်ပြု Diploma တစ်ခုကိုလည်း ရရှိထားပါသည်။

Documentary Credit Specialist (CDCS) နှင့် International Trade and Finance (CITF) လက်မှတ်များ၊ Malaysia Institute of Management (MIM) မှ Diploma in Business Administration and Management များကိုလည်း ရရှိထားသည်။

သူသည် မလေးရှားတွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီးနောက် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်း အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ယခုအခါတွင် မြန်မာနိုင်ငံ၌ ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

ဘဏ်လုပ်ငန်းတွင် စုစုပေါင်း နှစ် (၄၀) ကြာ အတွေ့အကြုံရှိပြီး၊ ၎င်း၏ များပြားလှသော အသိပညာနှင့် အတွေ့အကြုံများမှတဆင့် Retail နှင့် Commercial Banking ၊ လုပ်ငန်းစဉ်များနှင့် နည်းပညာများအပါအဝင် ဘဏ်လုပ်ငန်းတစ်ခုလုံးကို စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။

သူသည် ရွှေဘဏ်အား ဒစ်ဂျစ်တယ်နည်းပညာများနှင့် အဓိကဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာများအသုံးပြုပြီး ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၏ ဦးဆောင်နေရာတွင် အမြဲရှိနေစေရန် ရည်ရွယ်ထားပါသည်။



# BOARD OF DIRECTORS AND MANAGEMENT COMMITTEES

| Committee Name | Sr No | Name | Designation | Position |
|---|---|---|---|---|
| Board Of Director | 1 | Kyaw Win | Chairman of the Board | Chairperson |
| | 2 | Yin Zaw Myo | Independent Director | Member |
| | 3 | Kyaw Dun | Independent Director | Member |
| | 4 | Aye Thandar Thant | Deputy Managing Director, Chairman's Office | Member |
| | 5 | Moo Sun | Chief Executive Officer | Member |
| | 6 | The Noe San | Deputy Chief Executive Officer | Member |
| | 7 | Kyaw Thet Qo | Managing Director | Member |
| Executive Committee | 1 | Moo Sun | Chief Executive Officer | Chairperson |
| | 2 | Kyaw Thet Qo | Managing Director | Member |
| | 3 | Kimy Loka | Chief Information Office | Attendee |
| | 4 | Wallace Teo | Chief Business Officer | Attendee |
| | 5 | Peter Mg Mg Win | Department Head, Loans Operations | Attendee |
| | 6 | Thi Thi Wint Wah Ko | Department Head, Banking Operations | Attendee |
| | 7 | Zayar Myint Than | Department Head, Risk Management & Legal | Attendee |
| | 8 | Zayar Myint Than | Department Head, Strategic Planning | Attendee |
| Audit, Risk & Compliance | 1 | Kyaw Dun | Independent Director | Chairperson |
| | 2 | Aye Thandar Thant | Deputy Managening Director, Chairman's Office | Member |
| | 3 | Moo Sun | Chief Executive Officer | Attendee |
| | 4 | The Noe San | Deputy Chief Executive Officer | Member |
| | 5 | Kyaw Thet Qo | Managing Director | Attendee |
| | 6 | Zayar Myint Than | Department Head, Risk Management & Legal | Attendee |
| Credit Committee | 1 | Moo Sun | Chief Executive Officer | Member |
| | 2 | Kyaw Thet Qo | Managing Director | Chairperson |
| | 3 | Peter Mg Mg Win | Department Head, Loans Operations | Attendee & JS |

# OUR MANAGEMENT TEAM


Moo Sun
Chief Executive Officer


The Noe San
Deputy Chief Executive Officer


Kyaw Thet Oo
Managing Director


Wallace Teo
Chief Business Officer


Kimy Loka
Chief Information Officer


Maung Maung Win
Head of Loan Operations


Thi Thi Wint Wah Ko
Head of Banking Operations


Thiri Aung
Head of Business Banking



Shwesin Win Lai Phyo
Head of Human Resources


Maung Maung Ye Win Khine
Head of General Administration


Zayar Myint Than
Head of Strategic Management & Transformation

# ORGANIZATION STRUCTURE

စံနှုန်းမြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုနှင့် ထုတ်ကုန်များကို ပေးစွမ်းလျက်ရှိသော SHWE Bank ကို ငွေကြေးနယ်ပယ်တွင် အတွေ့အကြုံကြွယ်ဝပြီး အရည်အချင်းပြည့်ဝသော ပညာရှင်များက ဦးဆောင်လျက်ရှိပြီး အကျိုးရှိ ထိရောက်မှုရှိသော မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။





## ကျွန်ုပ်တို့၏ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံ

ရွှေဘဏ်တွင် ထိရောက်မှုရှိပြီး ကြံ့ခိုင်မှုရှိသော အဖွဲ့အစည်းပုံစံကို ရေရှည်တည်တံ့မှုရှိစေရန်အတွက် ဝန်ထမ်းများ၏ အရေးပါမှုကို အစဉ်အမြဲဦးစားပေးလျက်ရှိသည်။ ကျွန်ုပ်တို့ဖော်ဆောင်ထားသော အဖွဲ့အစည်းတည်ဆောက်ပုံသည် အားလုံးပါဝင်နိုင်သော၊ မတူကွဲပြားမှုရှိ မတူညီသော အရည်အသွေးများကို တန်ဖိုးထားသော၊ သာတူညီမျှရှိသော ဦးဆောင်ဦးရွက်ပြုမှုများဖြင့် ဖွဲ့စည်းထားသည်။ ဝန်ထမ်းများကို နည်းဗျူဟာကျကျ တာဝန်ချထားခဲ့ထားကာ တစ်ဦးတစ်ယောက်ချင်းစီ၏ အကြံပြုချက်များနှင့် ပါဝင်မှုများကို ထုတ်ဖော်ရုံသာမက တန်ဖိုးထားလျက်ရှိပါသည်။ ထိုမှတစ်ဆင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အားလုံး၏ အကြံပြုချက်များကို ကိုယ်စားပြုလေ့ရှိသော လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်လျှက်ရှိပါသည်။ စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် အားလုံးပါဝင်နိုင်ပြီး ကိုယ်စားပြုနိုင်သော လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ကာ အဖွဲ့အစည်းအတွင်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှု၊ မတူကွဲပြားမှုကို နားလည်လက်ခံမှု စသည်တို့ကိုလည်း မြှင့်တင်လျှက်ရှိပါသည်။

## ဒါရိုက်တာဘုတ် အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများ

မတူကွဲပြားမှုရှိသော နယ်ပယ်အသီးသီးရှိ ကျွမ်းကျင်သူ (၈) ဦးနှင့် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏ ဒါရိုက်တာဘုတ် အဖွဲ့ဝင်များသည် လုပ်ငန်းကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် နည်းဗျူဟာကျသော လမ်းညွှန်မှုများကို ချမှတ်ပေးသည်။ လုပ်ငန်းလည်မှုများသည် ကျွန်ုပ်တို့၏ ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံးဖော်ဆောင်ပေးရေး အကောင်အထည်ဖော်ရန်မှာ ဒါရိုက်တာဘုတ် အဖွဲ့ဝင်များ၏ ပင်မတာဝန်ဝတ္တရားဖြစ်သည်။ ရွှေဘဏ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် အမြဲတေတန်ဖိုးများသည် နည်းဗျူဟာအရ အကောင်အထည်ဖော်လျက်ရှိသော ဦးတည်ချက်များနှင့် ကိုက်ညီစေရေးကိုလည်း ဦးစားပေးလုပ်ဆောင်ရသည်သာမက မူဝါဒများနှင့် ဈေးကွက်တွင်း ဦးဆောင်ဦးရွက်ပြုမှုများကိုလည်း အတည်ပြုလမ်းညွှန်ပါသည်။ ထို့ပြင် ထူးချွန်ပြောင်မြောက်သူများနှင့် ဖွဲ့စည်းထားသော ခေါင်းဆောင်မှုအဖွဲ့(leadership team) ကို ဖွဲ့စည်းကာ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာ စီမံခန့်ခွဲမှုများကို တွန်းအားပေးလျက်ရှိသည်။

ဘဏ်၏ ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်ရှိမှု၊ ဥပဒေနှင့် စည်းမျဉ်းများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များကို နည်းဗျူဟာကျကျ လေ့လာသုံးသပ်ရန် တာဝန်ရှိပါသည်။ ပုံမှန်အစည်းအဝေးများ၊ ဘဏ္ဍာရေးတင်ပြချက်များကို သုံးသပ်ခြင်း၊ ဆုံးရှုံးနိုင်ခြေများ စီမံခန့်ခွဲခြင်းနှင့် စွမ်းဆောင်ရည်၊ ဂုဏ်သတင်းများ အကဲဖြတ်ခြင်းတို့ကို လုပ်ဆောင်လေ့ရှိသည်။ ထို့ပြင် အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ အစုရှယ်ယာအဖွဲ့ဝင်များနှင့် အခြားသော ပါဝင်ပတ်သက်သူများနှင့် ကောင်းမွန်သော ဆက်ဆံရေးတည်ဆောက်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု မြှင့်တင်ရေးများကို ဆောင်ရွက်ပါသည်။ အတိုချုံးပြောရသော် ဒါရိုက်တာဘုတ် အဖွဲ့ဝင်များသည် ရွှေဘဏ်၏ တည်တံ့ခိုင်မြဲမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ရေရှည်တည်တံ့သောအောင်မြင်မှုများကို မြှင့်တင်ပေးရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

## လွတ်လပ်စွာပါဝင်သော အဖွဲ့အစည်းပြင်ပမှ ဒါရိုက်တာများ

လွတ်လပ်စွာပါဝင်သော အဖွဲ့အစည်းပြင်ပမှ ဒါရိုက်တာများသည် နေ့စဉ်ဘဏ်လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အကြံပြုချက်များအစား ပြင်ပအခြေအနေများဖြစ်သည့် စည်းမျဉ်းဥပဒေများ၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများ၊ လိုက်နာရန် သတ်မှတ်ချက်များနှင့် နည်းဗျူဟာကျကျ ဆက်ဆံရေးများအတွက် ကျယ်ပြန့်နက်နဲသော ရှုတောင့်များကို သုံးသပ်ကာ မျှဝေပေးလေ့ရှိသည်။ ယင်းတို့၏ တန်ဖိုးရှိသော လမ်းညွှန်မှုများနှင့် ထိုးထွင်းသိမြင်မှုများသည် အဖွဲ့အစည်း၏ အုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ဂုဏ်သိက္ခာရှိမှု အဆင့်အတန်းကို အမြင့်မားဆုံးထိ မြှင့်တင်ပေးနိုင်ပြီး ကျွန်ုပ်တို့၏ ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးလျက်ရှိသည်။

# အချက်အလက်များကာကွယ်ပေးရေး မူဝါဒ

### (i) ကိုယ်ရေးအချက်အလက်များ

Customers များအနေနှင့် ရွှေဘဏ်၏ ဝန်ဆောင်မှုနှင့် ထုတ်ကုန်များကို အသုံးပြုခြင်း၊ ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အသုံးပြုခြင်း၊ ဝက်ဘ်ဆိုက်သို့ ဝင်ရောက်လေ့လာခြင်း၊ Call Center မှတစ်ဆင့် ဝန်ဆောင်မှုရယူခြင်း သို့မဟုတ် ဝန်ထမ်းများ ထံမှ သီးသန့်ဝန်ဆောင်မှုရယူမှသာ ရွှေဘဏ်သည် Customer များ၏ ကိုယ်ရေးအချက်အလက်များကို တရားဝင် တောင်းခံ ရယူလေ့ရှိပါသည်။

### (ii) Ethical Use ကျင့်ဝတ်နှင့်အညီ အသုံးပြုခြင်း

ရွှေဘဏ်သည် Customer များ၏ ကိုယ်ရေးအချက်အလက်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ယူမှုရှိစွာ အသုံးပြုလျက်ရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိပါသည်။ Customer များအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုနှင့် အတွေ့အကြုံကောင်းများ ပေးစွမ်းနိုင်ရေးနှင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ရေးအတွက် သာလျှင် ကိုယ်ရေးအချက်အလက်များကို တောင်းခံလေ့ရှိပါသည်။

အခြေအနေအရပ်ရပ်ပေါ်မူတည်၍ Customer များ၏ ခွင့်ပြုချက် သို့မဟုတ် ဥပဒေ၏ ခွင့်ပြုချက်များဖြင့် ကိုယ်ရေးအချက်အလက်များကို တခြားသော တတိယအဖွဲ့အစည်းများသို့ မျှဝေပါသည်။ အဆိုပါ အဖွဲ့အစည်းသို့မဟုတ် လူပုဂ္ဂိုလ်များထံသို့ရောက်ရှိသွားသော အချက်အလက်များကို အသုံးပြုမည့်အကြောင်းရင်း၊ ချပြခွင့်ရှိ/မရှိ စသည်တို့ကို Customer များ၏ ခွင့်ပြုချက် သို့မဟုတ် ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ပါသည်။

ရွှေဘဏ်သည် အောက်ပါ အကြောင်းပြချက်များအတွက်သာလျှင် ကိုယ်ရေးအချက်အလက်များကို ချပြလေ့ရှိပါသည် -

- Customer များကို ဝန်ဆောင်မှုပေးအပ်ရန်
- ကုန်ပစ္စည်းများ နှင့်/ သို့မဟုတ် ဝန်ဆောင်များ အဆင့်မြှင့်တင်ရန်
- သုသေသန ပြုလုပ်ရန် သို့မဟုတ် အချက်အလက်များကို လေ့လာသုံးသပ်ရန်
- ရောင်းအားမြှင့်တင်ရန်နှင့် ဘဏ်နှင့်ပတ်သက်ပြီး လူအများသိစေရန်
- အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲမှုကို ထောက်ပံ့ပေးနိုင်ရန်
- ခြစားမှုတိုက်ဖျက်ရေး အလေ့အထကောင်းများကို ဖော်ဆောင်ရန်
- ဘဏ်နှင့်ဆက်စပ်သော ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန် နှင့်
- Customer များကို သတ်မှတ်နိုင်ရန် တို့ဖြစ်ပါသည်။

ကိုယ်ရေးအချက်အလက်များသည် ရွှေဘဏ်တွင် လုံခြုံစိတ်ချမှုရှိကြောင်းကို အပြည့်အဝယုံကြည်စိတ်ချနိုင်ပါသည်။ ပိုမိုကောင်းမွန်သော ဘဏ်ဝန်ဆောင်မှု အတွေ့အကြုံကောင်းများကို ရရှိစေရန် လုပ်ဆောင်လျက်ရှိသည်သာမက တစ်ဖက်တွင်လည်း Customer များ၏ အချက်အလက်များပေါက်ကြားမှုမရှိစေရန်လည်း သမာသမတ်ကျစွာ စီမံခန့်ခွဲလျက်ရှိကြောင်း ရွှေဘဏ်က အာမခံပါသည်။ အမြင့်မားဆုံးသော အချက်အလက်ထိန်းသိမ်းရေး စံညွှန်းများနှင့်အညီCustomer များ၏ ရွှေဘဏ်အပေါ် ယုံကြည်စိတ်ချမှုကို အစဉ်အမြဲတန်ဖိုးထားလျက်ရှိသည်။

### (iii) ကိုယ်ရေးအချက်အလက်များကို လုံခြုံစွာ ကာကွယ်ထိန်းသိမ်းလျက်ရှိ

ရွှေဘဏ်သည် ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းကို အလေးထားသော ဘဏ်တစ်ခုဖြစ်သည်နှင့်အညီ နည်းပညာ၊ ရုပ်ဝတ္ထုပံ့ပိုးမှုတို့နှင့်အတူ အဖွဲ့အစည်း၏ စည်းမျဉ်းစည်းကမ်းများအတိုင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးလျက်ရှိသည်။

ကျွန်ုပ်တို့၏ စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ စာချုပ်ဝန်ထမ်းများ၊ မိတ်ဖက်အေးဂျင့်များနှင့် အချက်အလက်ရယူများသည် ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ရန် တင်းကျပ်သော စည်းမျဉ်းများကို လိုက်နာရပါသည်။ အဆိုပါကတိကဝတ်ကို အတွန့်ရှည်တည်တံ့စေရန် ဝန်ထမ်းများသည် ကိုယ်ရေးအချက်အလက် လုံခြုံရေးအတွက် ပုံမှန်ကျင်းပသော သင်တန်းများကို တက်ရောက်ရပါသည်။

ရွှေဘဏ်သည် ကျွန်ုပ်တို့၏ တန်ဖိုးထားရသော Customer များအတွက် အမြင့်မားဆုံးသော လုံခြုံရေးအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းရန် ကတိပြုပါသည်။






# ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဘောင်

## (i) ဆုံးရှုံးနိုင်ခြေဆိုင်ရာ အုပ်ချုပ်မှု

ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် အတွေ့အကြုံရင့်သော အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများသည် ဘဏ်လုပ်ငန်းဆိုင်ရာ လည်ပတ်မှုများတွင် ဆုံးရှုံးနိုင်ခြေနှင့် ဆက်စပ်သောအကျိုးသက်ရောက်မှုများကို လျှော့ချရန်နှင့် စီမံခန့်ခွဲရန် လုံလောက်သော စည်းမျဉ်းစည်းကမ်းများချမှတ်ပေးရန် တာဝန်ရှိပါသည်။

ထိရောက်သော လေ့လာစောင့်ကြည့်မှုများနှင့် ထိန်းချုပ်မှုများလုပ်ဆောင်နိုင်ရန် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ Internal Audit နှင့် Compliance ဆိုင်ရာ ဌာနများသည် အခြားသော ဆုံးရှုံးနိုင်ခြေများသည့် ဌာနများနှင့် ပတ်သက်ဆက်နွယ်မှုမရှိစေဘဲ သီးခြား လည်ပတ်စေပါသည်။ ထို့ပြင် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနှင့် Audit & Risk Management Committee (ARMC) သို့ တိုက်ရိုက် အစီရင်ခံရန်လည်း လိုအပ်ပါသည်။

ရွှေဘဏ်တွင် ဆုံးရှုံးနိုင်ခြေဆိုင်ရာ အုပ်ချုပ်မှုကို ရှင်းလင်းပြတ်သားသော ဖွဲ့စည်းပုံဖြင့် တည်ဆောက်ထားသည်။ ကော်မတီအဖွဲ့ဝင်များသည် ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ခြင်း၊ လေ့လာသုံးသပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို လုပ်ဆောင်ပြီး နည်းဗျူဟာကျသော ရည်မှန်းချက်များနှင့် သတ်မှတ်ထားသော စည်းမျဉ်းမူဘောင်ပြည့်မီစေရန် စေ့စပ်လုပ်ဆောင်ရပါသည်။ ကြီးကြပ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေရန် အစီရင်ခံတင်ပြမှုလုပ်ငန်းစဉ်တစ်လျှောက် တွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဘောင်ကို ပိုမိုခိုင်ခံ့လာစေရန် ဆောင်ရွက်ပေးသည်။

## (ii) လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေဆိုင်ရာ နည်းဗျူဟာ

ရွှေဘဏ်မှ ချမှတ်ထားသော နည်းဗျူဟာဆိုင်ရာ ရည်မှန်းချက်များကို ပြည့်မီရန်လုပ်ဆောင်ရာတွင် လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေများကို မူဘောင်မှတစ်ဆင့် အဆင့်အလိုက်သတ်မှတ်ကာ ရှင်းလင်းဖော်ပြထားသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိတ်အားထက်သန်မှုများသည် ရင်းနှီးမြှုပ်နှံမှုနှင့် အရည်အသွေးကို ထိန်းသိမ်းရန် အဓိကလိုအပ်သည့်အတွက် လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေကို ဟန်ချက်ညီစေရန် လုပ်ဆောင်ပါသည်။ ကဏ္ဍပေါင်းစုံ ခြုံငုံနိုင်ပြီး စံသတ်မှတ်ချက်များရှိသည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာ နည်းဗျူဟာသည် အလားအလာရှိသော ထိတွေ့မှုများကို လျှော့ချနိုင်ရန် ထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေများကို စောင့်ကြည့်ရန် တွန်းအားပေးပါသည်။

အစီရင်ခံတင်ပြမှုလုပ်ငန်းစဉ်တစ်လျှောက်တွင် credit risk ၊ market risk ၊ liquidity risk ၊ operational risk ၊ compliance risk စသည့် ဆုံးရှုံးနိုင်ခြေတိုင်းတာမှုပုံစံများကို အကဲဖြတ်တိုင်းတာရန် အဆင့်မြင့်မားသော ဆန်းစစ်မှုများကို လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့၏ အကဲဖြတ်မှုများသည် ဆုံးရှုံးနိုင်ခြေများကို ခြုံငုံဖော်ပြလေ့ရှိပြီး ၎င်းသည် လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေအတွင်းရှိ အဖြစ်အပျက်များလည်းပါဝင်သည်။ အချက်အလက်များ ခွဲခြမ်းစိတ်ဖြာရာတွင် သိသာသော တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့သည့်အတွက် ပေါ်ပေါက်လာသော ဆုံးရှုံးနိုင်ခြေများနှင့် လားရာကို အချိန်နှင့်တစ်ပြေးညီ သိရှိအောင်ဆောင်ရွက်နိုင်ခဲ့သည်။

## (iii) ဆုံးရှုံးနိုင်ခြေများ လျှော့ချခြင်းနှင့် ထိန်းချုပ်ခြင်း

ဆုံးရှုံးနိုင်ခြေများကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ရန်ရည်ရွယ်၍ ဆုံးရှုံးနိုင်ခြေများ လျှော့ချခြင်းနှင့် ထိန်းချုပ်ခြင်း ဆိုင်ရာ နည်းဗျူဟာများကို ပြင်ဆင်သတ်မှတ်ထားသည်။ အလားအလာရှိသော ပြင်ပနှောက်ယှက်မှုများကို ကြံ့ကြံ့ခံနိုင်စေရန် နှင့် ထိန်းချုပ်နိုင်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများကို ရင်းနှီးမြှုပ်နှံခဲ့သည်။ စိန်ခေါ်မှုများရှိစေကာမူ ရွှေဘဏ်သည် ဆုံးရှုံးနိုင်ခြေများကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ကာ လျှော့ချနိုင်သည့်အတွက် ဘဏ်လုပ်ဆောင်ချက်များအပေါ် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့ပါသည်။

## (iv) စည်းမျဉ်းဥပဒေလိုက်နာမှု

စည်းမျဉ်းဥပဒေလိုက်နာဆောင်ရွက်မှုသည် ရွှေဘဏ်၏ ပင်မအာရုံစိုက်မှုအနက်တစ်ခုဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများ နှင့် သက်ဆိုင်သည့် ဌာနများကို အနီးကပ်စောင့်ကြည့်ပြီး လိုက်နာရလွယ်ကူစေရန် လိုအပ်သော ပြောင်းလဲမှုများကိုလုပ်ဆောင် ခဲ့သည်။ အုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သော အပြန်အလှန်ဆက်ဆံမှုများရှိပြီး စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဆန်းစစ်မှုများအရ ပြစ်မှုတစ်စုံတစ်ရာမရှိကြောင်း အတည်ပြုနိုင်ခဲ့သည်။ ထိုကဲ့သို့ စည်းကမ်းလိုက်နာမှုစံနှုန်းများနှင့် ပွင့်လင်း မြင်သာရှိမှုကို အဖွဲ့အစည်းအတွင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုပါသည်။

### (v) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ မူဘောင် လေ့လာသုံးသပ်ခြင်း

ကျွန်ုပ်တို့သည် လက်ရှိပတ်ဝန်းကျင်နှင့် ဆက်စပ်မှုရှိပြီး ထိရောက်မှုရှိသော စီမံခန့်ခွဲမှုများလုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဘောင်ကို ပုံမှန်သုံးသပ်လေ့ရှိသည်။ ဤသုံးသပ်ချက်ကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ပြုလုပ်ပြီး ဘဏ်၏တိုးတက်မှုနှင့် အခြေအနေများနှင့် ကိုက်ညီမှုရှိစေရန် ဦးစားပေးလုပ်ဆောင်ပါသည်။

### (vi) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စံနှုန်းများ

ကျွန်ုပ်တို့၏ Customer များ၊ ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် လူမှုအသိုက်အဝန်းများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် အဓိကပါဝင်သူများဖြစ်ကြသည်။ ရွှေဘဏ်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမူဘောင်သည် လူမှုအသိုက်အဝန်းများနှင့် ပတ်ဝန်းကျင်အတွက် စိမ်းလန်းစိုပြေသောအနာဂတ်ဖန်တီးနိုင်ရေးကို ဦးတည်လျက်ရှိပြီး ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းများနှင့် သမာသမတ်ကျသော ဘဏ်လုပ်ငန်းစဉ်များမှတစ်ဆင့် အားလုံးခြုံငုံနိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို အဆင့်မြှင့်တင်လျှက်ရှိသည်။

ကျွန်ုပ်တို့၏ ဝန်ထမ်းများကို အကာအကွယ်ပေးခြင်း

- ကိုဗစ်-၁၉ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်း
- အိမ်မှ အလုပ်လုပ်ခြင်းကို ခွင့်ပြုပေးခြင်း
- ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများပံ့ပိုးပေးခြင်း
- ရုံးပတ်ဝန်းကျင်အတွင်း ဘေးကင်းလုံခြုံမှုရှိစေရန် လုပ်ဆောင်ခြင်း
- လစာလျှော့ပေါ့ခြင်းမရှိ
- လုပ်ငန်းတိုးတက်စေရန် လုံလောက်သောဝန်ထမ်းများ ခန့်အပ်ထားခြင်း
- ဝန်ထမ်းများဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအကောင်အထည်ဖော်ခြင်း

ကျွန်ုပ်တို့၏ Customer များထံ စဉ်ဆက်မပြတ်သော ဘဏ်ဝန်ဆောင်မှုများ ယူဆောင်ပေးခြင်း

- ဘဏ်ခွဲများနှင့် စင်တာများကို ပုံမှန်အတိုင်း လည်ပတ်နိုင်ရန် လုပ်ဆောင်ခြင်း
- အလုံးစုံအသုံးပြုနိုင်သော ATM ဝန်ဆောင်မှုကို အကောင်အထည်ဖော်ခြင်း
- ဘဏ်ခွဲများနှင့် ATM ဝန်ဆောင်မှုရယူရန် နေရာများ သန့်ရှင်းသပ်ရပ်မှုရှိစေခြင်း
- ချေးငွေပေးဆပ်မှုကို ရပ်ဆိုင်းပေးခြင်း
- ဒီဂျစ်တယ်ဘဏ်ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း
- လုပ်ငန်းတိုးတက်စေရန် လုံလောက်သောဝန်ထမ်းများ ခန့်အပ်ထားခြင်း

ကိုဗစ်-၁၉ ကာလအတွင်း ပံ့ပိုးပေးမှုများ

- ကိုဗစ်-၁၉ ဆိုင်ရာ ဖေးမကူညီမှုများ
- လှူဒါန်းမှုများ

ထိရှလွယ်သောအချိန်ကာလအတွင်း စီးပွားရေးဆိုင်ရာ အကာအကွယ်ပြုမှုများ

- ကော်ပိုရိတ်အုပ်ချုပ်မှုကို အဆင့်မြှင့်တင်ခြင်း
- လူ့စွမ်းအားအရင်းအမြစ် အသွင်ကူးပြောင်းမှုဖော်ဆောင်ခြင်း
- လုပ်ငန်းနယ်ပယ်တွင်း အာရုံစိုက်လုပ်ဆောင်မှုများ





## (vii) တာဝန်နှင့် ဝတ္တရားများ

ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ - ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် ရွှေဘဏ်၏ နည်းဗျူဟာဦးတည်ချက်များကို သတ်မှတ်ရန်နှင့် အလားအလာရှိသော ဆုံးရှုံးနိုင်မှုအန္တရာယ်များကို စီမံခန့်ခွဲရာတွင် တာဝန်ရှိသည်။

Audit and Risk Management Committee – ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ တိုက်ရိုက်ခန့်အပ်ပါသည်။ နေ့စဉ်လုပ်ငန်းလည်ပတ်မှုများသည် လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေသတ်မှတ်ချက်များမှ ကျော်လွန်မှုမရှိစေရန်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးမူဘောင် ထိရောက်မှုရှိစေရေးမှာ ကော်မတီ၏ အဓိကတာဝန်ဖြစ်သည်။

Asset and Liability Management Committee (ALMC) - ALMC သည် ဘဏ်လုပ်ငန်း၏ လက်ကျန်ရှင်းတမ်းပိုင်ဆိုင်မှုများနှင့် တာဝန်ခံမှုများကို စီမံခန့်ခွဲပါသည်။ BOD မှ ခန့်အပ်ထားသော BOD နှင့် ARMC တို့အား ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျှင်း၍ အစီရင်ခံတင်ပြခြင်း၊ ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှုဆိုင်ရာ နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲခြင်းနှင့် မူဝါဒနှင့် စည်းမျဉ်းဆိုင်ရာ အပြောင်းအလဲများကို BOD အား အသိပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

အလုပ်အမှုဆောင်အရာရှိချုပ် (CEO) – CEO သည် အဖွဲ့အစည်းအတွင်း စွန့်စားမှုဆိုင်ရာ အလေ့အထကောင်းများကို မောင်းနှင်ရန် အဓိကတာဝန်ရှိပြီး တစ်ဖက်တွင်လည်း ARMC မှသတ်မှတ်ထားသော လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေအကန့်အသတ်များကို စီမံခန့်ခွဲပြီး တာဝန်ယူမှုတာဝန်ခံမှုရှိစေရန် လုပ်ဆောင်ပါသည်။


ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဌာန - ဌာနမှူး၏ ဦးဆောင်မှုဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာမူဘောင်နှင့် သင့်လျော်သော မူဝါဒများကို ထိန်းသိမ်းရန် တာဝန်ရှိပြီး လုပ်ငန်းစဉ်အဆင့်တိုင်းတွင် အဆိုပါမူဘောင်ကို လက်တွေ့ကျင့်သုံးလိုက်နာစေရန် ကြပ်မတ်လုပ်ဆောင်ပါသည်။ အဖွဲ့အစည်းအတွင်း ဆုံးရှုံးနိုင်ခြေဆိုင်ရာအသိပညာများကို မြှင့်တင်ပေးလျက်ရှိသည့်အပြင် ဌာနတစ်ခုချင်းစီအလိုက် တာဝန်ယူမှုတာဝန်ခံမှုရှိစေရန် ဆောင်ရွက်ပါသည်။

ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မန်နေဂျာများ - ဌာနမှူး၏ လမ်းညွှန်မှုဖြင့် အဖွဲ့အစည်းအတွင်း အမှန်တကယ် လိုက်နာကျင့်သုံးမှုရှိမရှိ စစ်ဆေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်။

ဌာနမှူးများ - သက်ဆိုင်ရာလုပ်ငန်းခွင်အတွင်းရှိ ဆုံးရှုံးနိုင်ခြေများကို ဖော်ထုတ်ခြင်း၊ ထိန်းချုပ်ခြင်းတို့ကို လုပ်ဆောင်ရပါသည်။ စည်းမျဉ်းချိုးဖောက်မှုများကို တင်ပြခြင်း၊ အစီအစဉ်ရေးဆွဲခြင်းတို့သာမက အဖွဲ့အစည်းအတွင်း၊ အပြင်ရှိ ဆုံးရှုံးနိုင်ခြေအသစ်များကို မျက်ခြေမပျက်စောင့်ကြည့်လေ့လာရန် တာဝန်ရှိပါသည်။

## (viii) Reporting Lines အစီရင်ခံတင်ပြရမည့် ပုဂ္ဂိုလ်များ

အောက်ဖော်ပြပါ ကော်မတီအသီးသီး၊ ဌာနအသီးသီး၊ စီမံခန့်ခွဲသူများ နှင့် တခြားသော ပါဝင်ပတ်သက်သူများကို အစီရင်ခံတင်ပြပါသည်။



# လူ့စွမ်းအားအရင်းအမြစ်




## ကျား၊မ တန်းတူညီမျှမှု

အားလုံးပါဝင်မှုကို တွန်းအားပေးသော ဘဏ်လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိသော SHWE Bank သည် ကျား၊မ တန်းတူညီမျှမှုကို အလွန် အလေးထားပါသည်။ ၂၀၂၃ ခုနှစ်တွင် SHWE Bank ၏ လုပ်ငန်းခွင်တွင် အမျိုးသားဝန်ထမ်းဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၄၉% ရှိပြီး အမျိုးသမီး ဝန်ထမ်းဦးရေမှာ ရာခိုင်နှုန်းအားဖြင့် ၅၁% ရှိရာ အားလုံးပါဝင်သော လုပ်ငန်းခွင်တစ်ခုကို ဖန်တီးလုပ်ဆောင်လျက်ရှိသော SHWE Bank ၏ ကြိုးပမ်းအားထုတ်မှုကို ထင်ဟပ်စေပါသည်။ ထိုကဲ့သို့သော ဆောင်ရွက်ချက်များသည် SHWE Bank အနေဖြင့် ဂုဏ်ယူဖွယ်ရာ လုပ်ဆောင်ချက်များအဖြစ် ဂုဏ်ယူလျက်ရှိပါသည်။




## ဝန်ထမ်းအင်အားတိုးမြင့်လာမှု

၂၀၂၂ ခုနှစ်မှစတင်၍ ကျွန်ုပ်တို့၏ ဝန်ထမ်းအရေအတွက်မှာ ၁၈၉ ဦးအထိ ရှိလာခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှုကဏ္ဍတွင် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ဝန်ထမ်းအရေအတွက်မှာ ၂၉၃ ဦးထိ ရှိလာခဲ့ပါသည်။






# ကျွန်ုပ်တို့၏ ဝန်ထမ်းများအား အလေးထား ဂရုစိုက်မှုများ

စိန်ခေါ်မှုများ ကြုံတွေ့နေရချိန်တွင် ကျွန်ုပ်တို့၏ အဓိက ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ ဘဝ လုံခြုံ၍ အဆင်ပြေချောမွေ့ရေးပင်ဖြစ်သည်။

ထိုရည်မှန်းချက်ကို ရှေးရှု၍ အောက်ပါ အစီအမံများကို ဆောင်ရွက်ခဲ့ပါသည်။

- ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးခြင်း
- ဝန်ထမ်းများ၏ ဘေးကင်းရေးအတွက် မိမိနေအိမ်မှ အလုပ်လုပ်နိုင်စေရန် စီစဉ်ပေးခြင်း
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ဆေးဝါးနှင့် အစားအသောက်များ ပံ့ပိုးပေးခြင်း
- လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ဘေးကင်းလုံခြုံရေးအတွက် စီမံဆောင်ရွက်ထားခြင်း
- ဝန်ထမ်းများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများပို့ချပေးခြင်း
- ဝန်ထမ်းများ၏ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးခြင်း တို့ကို လုပ်ဆောင်ခဲ့ပါသည်။









# ဖော်ပြချက်မူဝါဒ

## ကိုယ်ရေးအချက်အလက်အသုံးပြုမှု

ဘဏ်၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို Customer များမှ အသုံးပြုနေစဉ်ကာလအတွင်း ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများကို လုပ်ဆောင်ပေးနိုင်ရန်အတွက် Customer များ၏ ကိုယ်ရေးအချက်အလက်များကို သက်ဆိုင်ရာ ဥပဒေပုဒ်မများနှင့်အညီ တောင်းခံသိမ်းဆည်းထားပါမည်။

Customer များ၏ သဘောတူညီချက်နှင့် ဥပဒေအရ ခွင့်ပြုချက်ရရှိပါက ဘဏ်အနေဖြင့် Customer များ၏ ကိုယ်ရေးအချက်အလက်များကို အခြားသော Third Partiesမှတာဝန်ရှိသူများနှင့် မျှဝေခွင့်ရှိပါသည်။ ထိုသူများသည် Customer များ၏ သဘောတူညီချက်နှင့် မူဝါဒတွင် ဖော်ပြထားသော ပြဋ္ဌာန်းချက်များအတိုင်း ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းဆောင်ရွက်နိုင်မှာဖြစ်ပါသည်။

ဘဏ်အနေဖြင့် ဝန်ဆောင်မှုများပေးခြင်း၊ ပိုမိုကောင်းမွန်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပေးနိုင်ရန် လေ့လာခြင်း၊ဘဏ်နှင့် ပတ်သက်သည့် ကြော်ငြာလုပ်ငန်းများကို မြှင့်တင်ခြင်း၊ အချက်အလက်လိမ်လည်မှုများကို ကာကွယ်ပေးခြင်း၊ ဖောက်သည်များ၏ အထောက်အထားများကို စစ်ဆေးခြင်း အစရှိသည့် ရည်ရွယ်ချက်များအတွက် Customer များ၏ ကိုယ်ရေးအချက်အလက်များကို ဖော်ပြနိုင်ပါသည်။

## ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းခြင်းနှင့် ကာကွယ်မှု

ဘဏ်သည် Customer များ၏ ကိုယ်ရေးအချက်အလက်များကို လုံခြုံမှုရှိစေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ မူဝါဒများကို အသုံးပြုပါသည်။ ဘဏ်၏ အချက်အလက်များသိမ်းဆည်းရာ စနစ်အတွင်းသို့ ဝင်ရောက်ခွင့်သည် ကိုယ်ပိုင်အတည်ပြုချက်များဖြင့် ထိန်းချုပ်ထားသည်။ ထို့အပြင် ဘဏ်၏ အရာရှိများ၊ ဝန်ထမ်းများ၊ အမှုထမ်းများ၊ ကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အချက်အလက် ထိန်းသိမ်းသူများသည် ဘဏ်၏ လျှို့ဝှက်မူဝါဒများအတိုင်း ကိုယ်ရေးအချက်အလက်များကို ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ ဘဏ်ဝန်ထမ်းတိုင်းသည် လုံခြုံရေးနှင့် ကိုယ်ရေးအချက်အလက်လုံခြုံရေး သင်တန်းများကို လည်း တက်ရောက် ပြီးစီးထားရမည်ဖြစ်ပါသည်။ ဘဏ်၏ ဝန်ဆောင်မှုများကို အသုံးပြုနေသည့် ကာလတစ်ခုအတွင်းသာ Customer များ၏ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားမှာဖြစ်ပါသည်။



# ငွေကြေးဆိုင်ရာ အစီရင်ခံစာ
## (၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်)

၂၀၂၃ ခုနှစ်သည် SHWE Bank ၏ သုံးစွဲသူများကို အကောင်းမွန်ဆုံးသော ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုပေးစွမ်းခဲ့ခြင်း၏ ၇ နှစ်ပြည့်မြောက်သည့်နှစ်ဖြစ်ပါသည်။ သုံးစွဲသူများအားခေတ်မီဆန်းသစ်သော ဘဏ်လုပ်ငန်းထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို တိုးချဲ့ပေးစွမ်းလျက် ကျွန်ုပ်တို့၏ ဘဏ်ခွဲများကိုလည်း မြန်မာနိုင်ငံအနှံ့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဘဏ္ဍာရေးနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် SHWE Bank အနေဖြင့် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပါသည်။ အလုံးစုံသော အမြတ်ငွေပမာဏ (Total Net Revenue ) မှာ ယမန်နှစ် ဘဏ္ဍာရေးနှစ်နှင့်ယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၂၂၀% ထိတိုးမြင့်ခဲ့သည်ကို တွေ့ရှိရပြီး အလုံးစုံသော ဝင်ငွေပမာဏ (Total Comprehensive Income ) မှာ ၁၅၀% ထိ တိုးမြင့်လာခဲ့ပါသည်။

သုံးစွဲသူများ၏ အပ်နှံငွေပမာဏမှာ ရာခိုင်နှုန်းအားဖြင့် ၄၆% အထိတိုးတက်လာခြင်းသည် SHWE Bank ၏ ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များအပေါ် ပို၍ ယုံကြည်မှုတိုးပွါးလာခြင်းကို သိသာထင်ရှားစွာ ဖော်ပြနေခြင်းဖြစ်သည်။ ထို့အပြင် SHWE Bank ၏ အမျိုးစုံသော ချေးငွေဝန်ဆောင်မှုများကို အသုံးပြုသူ သုံးစွဲသူများ တိုးများလာပြီး ယမန်နှစ်နှင့် ယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၁၆% ထိ ချေးငွေဝန်ဆောင်မှုကို တိုးမြှင့်ပေးစွမ်းနိုင်ခဲ့ခြင်းဖြစ်၍ မြန်မာကျပ်ငွေ ၂၆၂ ဘီလီယံထိ ဝန်ဆောင်မှု ပေးနိုင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရိုက်ခတ်မှု၏ နောက်ဆက်တွဲအဖြစ် ကမ္ဘာတစ်ဝှမ်းတွင် ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်နေပြီး စိန်ခေါ်မှု အခက်အခဲများရှိနေသည့်အချိန်ကာလာများတွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင်ရှိသော သုံးစွဲသူများကို ပိုမို လုံခြုံစိတ်ချရပြီး ခေတ်နှင့်လျော်ညီသော ဝန်ဆောင်မှု ထုတ်ကုန်များကို အရှိန်အဟုန်မြင့် ပေးစွမ်းမည်ဖြစ်ကြောင်း ထပ်လောင်း ကတိကဝတ်ပြုအပ်ပါသည်။

Customer Deposit
MMK
253 billion
+46%

Total Assets
MMK
440 billion
+17%

Total Equity
MMK
65 billion
+0.3%

Total Comprehensive income
MMK
2 billion
+150%





Customer Loans
MMK
261 billion
+16%

Investment
MMK
0.2 billion
0%

Total Net Revenue
MMK
12 billion
+220%

Cost to Income Ratio
MMK
82%
-17%



# BUSINESS BANKING နှင့် CONSUMER BANKING ဝန်ဆောင်မှုထုတ်ကုန်များ

SHWE Bank သည် သုံးစွဲသူ တစ်ဦးချင်းစီနှင့် စီးပွါးရေးလုပ်ငန်းများ၏ လိုအပ်ချက်များနှင့် ကိုက်ညီသော ဘဏ္ဍာရေးဝန်ဆောင်မှုဆိုင်ရာ ထုတ်ကုန်မျိုးစုံကို ပေးစွမ်းလျက်ရှိပါသည်။ SHWE Bank တွင် ဖွင့်လှစ်ထားသော အကောင့်များသည် ဘဏ်များအချင်းချင်း မြန်မာငွေကျပ်ဖြင့် အလွယ်တကူ ငွေလွှဲနိုင်သော CBM-Net ငွေလွှဲဝန်ဆောင်မှုကို အလိုအလျောက် ချိတ်ဆက်ထားပေးထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် ATM စက်များ ထားရှိထားသည့်အတွက် သုံးစွဲသူများအနေဖြင့် ၂၄ နာရီ ၇ ရက်ပတ်လုံး လွယ်ကူ လျှင်မြန်စွာဖြင့် ဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။ SHWE Bank မှ ဝန်ဆောင်မှုပေးနေသော ဘဏ်အကောင့်အမျိုးအစား အစုံအလင်မှာ အောက်ပါအတိုင်းဖြစ်သည်။

## Current Account
## စာရင်းရှင်အပ်ငွေ

နေ့စဉ် ငွေကြေးစီမံခန့်ခွဲမှုများကို အဆင်ပြေ ချောမွေ့စွာ နှင့် လုံခြုံစွာ ဆောင်ရွက်လိုသူများ အတွက် ရည်ရွယ်ပါသည်။

## Call Account
## ခေါ်ယူအပ်ငွေစာရင်း

ခေါ်ယူအပ်ငွေစာရင်း Call Deposit Account သည် ငွေစုသူများအနေဖြင့် နေ့စဉ်ငွေသွင်းငွေထုတ် ပြုလုပ်ရင်း တစ်နေ့တာလက်ကျန်ပေါ်တွင် နေ့စဉ်အတိုးခံစားခွင့်ရရှိနိုင်သော အပ်ငွေစာရင်းအမျိုးအစား ဖြစ်ပါသည်။



## Savings Account
## ငွေစုဘဏ်အပ်ငွေ

လစဉ် အတိုးနှုန်းများသော ငွေစုဘဏ်အပ်ငွေစာရင်းဖြင့် သုံးစွဲသူများ၏ စုငွေကို တိုးပွါးစေသော အပ်ငွေစာရင်းအမျိုးအစားဖြစ်ပါသည်။

## Fixed Deposit Account (1, 3, 6, 9, 12) Months
## စာရင်းသေ အပ်နှံငွေအကောင့်

အနာဂတ် စီမံကိန်းများအတွက် ရည်ရွယ်၍ အပ်နှံလိုသူများအတွက် အထူးသင့်လျော်သော ဝန်ဆောင်မှု တစ်ခုဖြစ်သည်။

## Premium Call Account
## ထပ်ဆောင်း ငွေစုဘဏ် အပ်ငွေ

လစဉ်အတိုးနှုန်းများခြင်းသာမက အချိန်မရွေး ငွေသား အလွယ်တကူ ထုတ်ယူနိုင်သော ဘဏ်အကောင့်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းစီနှင့် ပူးတွဲအကောင့်များ ဖွင့်လှစ်လိုသူများအတွက် ရည်ရွယ်ပါသည်။






## SHWE Cash Call Account
## SHWE Cash Call အကောင့်

SHWE Cash Call အကောင့်သည် အခြား ခေါ်ယူအပ်ငွေစာရင်းများထက် အတိုးနှုန်းပိုမိုမြင့်မားခြင်းနှင့် အကန့်အသတ်မရှိ ငွေထုတ်ယူခြင်းကို နှစ်သက်သူများအတွက် အကောင်းဆုံး အပ်နှံနိုင်သောစာရင်းအမျိုးအစားဖြစ်ပါသည်။

### SHWE Prepaid Fixed Deposit (120 Days)

SHWE Prepaid Fixed Deposit (ရက် ၁၂၀) အပ်ငွေအကောင့်သည် ပိုမိုများပြားသောအပ်နှံငွေများ စတင်စုဆောင်းသည့်နေ့တွင် အတိုးကြိုထုတ်ပေးသည့် စာရင်းသေအပ်ငွေအမျိုးအစားဖြစ်ပါသည်။

စာရင်းသေအပ်ငွေအမျိုးအစားဖြစ်သည့်အတွက် သတ်မှတ်ချိန်ထက် စောလျင်စွာထုတ်ယူလိုက်သော အပ်နှံငွေများအတွက် အတိုးကို ပယ်ဖျက်ခြင်း ခံရမည်ဖြစ်ပါသည်။

### Bonus Savings

Bonus Savings စုငွေစာရင်းသည် တစ်လလျှင် ပျမ်းမျှစာရင်းပိတ် လက်ကျန်ငွေပမာဏအပေါ်တွင် အတိုးတွက်ချက်ပေးပြီး လစဉ်စာရင်းပိတ်လက်ကျန်ငွေကျပ် ၁ သန်းနှင့်အထက်ရှိပါက အပိုအတိုးနှုန်း ၁% ကို ထပ်မံရရှိစေခြင်းဖြစ်သည်။ တစ်လအတွင်း အချိန်မရွေး ငွေပေးသွင်းနိုင်မှာဖြစ်ပြီး အတိုးများကိုလည်း လစဉ်စာရင်းပိတ်လက်ကျန်ငွေအပေါ်မူတည်ပြီး တွက်ချက်ပေးမှာဖြစ်သည့်အတွက် ထပ်ဆောင်းအတိုးရယူလိုသူများအတွက် အထူးသင့်တော်သော ငွေစုစာရင်းတစ်ခု ဖြစ်ပါသည်။

### Premier Savings

Premier Savings သည် တမူထူးခြားကောင်းမွန်သော Premier Banking ဝန်ဆောင်မှုရယူသူများအတွက် သီးသန့်ပြုလုပ်ထားသော အပ်ငွေစာရင်းဖြစ်ပြီး အခြားစုငွေအမျိုးအစားများထက် ပိုမိုမြင့်မားသော အတိုးနှုန်းကို ရရှိနိုင်ပါမည်။ Premier Savings အပ်နှံသူများသည် ကိုင်ဆောင်ထားသူများအတွက် လစဉ်စုငွေပမာဏ (၂) သန်းထက် ပိုသောစုငွေများအတွက် အထူးအတိုးနှုန်းကို ခံစားခွင့်အပြင် လစဉ်မည်သည့်နေ့တွင်မဆို အလွယ်တကူ ငွေထပ်မံ ဖြည့်သွင်းနိုင်မယ့်အပြင် အတိုးကိုလည်း တွက်ချက်ပေးသွားမှာ ဖြစ်ပါသည်။




# LOANS & ADVANCES

### SHWE Staff Home Loan

ရွှေဘဏ်ဝန်ထမ်း အိမ်ရာချေးငွေသည် အတည်ပြုခန့်ထားပြီးသော ဝန်ထမ်းများ၊ လုပ်သက် (၁၂) လ ကျော်လွန်ပြီးသော ဝန်ထမ်းများအတွက် အလယ်အလတ်နှင့် ရေရှည် ငွေကြေးဖြေရှင်းမှုတစ်ခု ဖြစ်သည်။ ဝန်ထမ်းတစ်ဦးချင်းစီ၏ အိပ်မက်ထဲက အိမ်တစ်လုံးကို အမြန်ဆုံးပိုင်ဆိုင်နိုင်စေမှာဖြစ်ပြီး သတ်မှတ်ထားသော အချိန်ကာလအတွင်း ပုံမှန်လစဉ်အရစ်ကျစနစ်ဖြင့် ပြန်လည်ပေးဆောင်နိုင်မည့် ဝန်ထမ်းချေးငွေဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။

### SHWE Staff Personal Loan

SHWE Staff Personal Loan သည် ရွှေဘဏ်တွင် လုပ်သက်ဆက်တိုက် (၁) နှစ်ကျော်ရှိသည့် အတည်ပြုအမြဲတမ်းဝန်ထမ်းများအတွက် အထူးချေးငွေအမျိုးအစားတစ်ခုဖြစ်ပြီး ရွှေဘဏ်ဝန်ထမ်းများ၏ တစ်ဦးချင်းလိုအပ်ချက်များအတွက် ရိုးရှင်းလွယ်ကူသည့် ငွေကြေးဖြေရှင်းနည်းတစ်ခုအဖြစ် ပံ့ပိုးပေးထားခြင်းဖြစ်သည်။

### Consumer Home Loan

Consumer Home Loan သည် Customer များအတွက် ကွန်ဒို၊ မီနီကွန်ဒို၊ နှင့် တိုက်ခန်းများ ဝယ်ယူရန်အတွက် ရေရှည် ချေးငွေပံ့ပိုးပေးပြီး ဘဏ်မှ အတည်ပြုထားသော သတ်မှတ်ချေးငွေကာလအတွင်း ပုံသေအတိုးနှုန်း၊ ပုံသေအရစ်ကျစနစ်များဖြင့် ပြန်လည်ပေးဆောင်ရမည့် ချေးငွေဝန်ဆောင်မှုတစ်ခုဖြစ်သည်။

ချေးငွေများကို ကာလရှည် ပြန်လည်ပေးဆောင်နိုင်မှာဖြစ်ပြီး ပိုမိုကောင်းမွန်သော စနစ်ဖြင့် မိမိတို့၏ အိမ်ပိုင်ဆိုင်မှုအိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်စေရန် ထောက်ပံ့ပေးထားပါသည်။

### Overdraft Against Fixed Deposit

Overdraft Against Fixed Deposit သည် လက်ရှိအသုံးပြုနေသော Fixed Deposit အကောင့်ကို ရပ်ဆိုင်းရန် မလိုအပ်ဘဲ တိုက်ရိုက်ချေးယူနိုင်သော ရေတိုချေးငွေ အမျိုးအစားတစ်ခုဖြစ်သည်။ ယခုချေးငွေစနစ်တွင် မြေယာ၊ အဆောက်အအုံကဲ့သို့ အပေါင်ပစ္စည်းများ မလိုအပ်ဘဲ စာရွက်စာတမ်းအနည်းငယ်ဖြင့် လျှောက်ထားနိုင်ပြီး ရုံးဖွင့်ချိန် (၂) ရက်အတွင်း ချေးငွေရရှိနိုင်မှာဖြစ်ပါသည်။




# ကတ်

ကျွန်ုပ်တို့၏ အကြွေးဝယ်ကတ်များဖြစ်ကြသော Debit Card နှင့် Credit Card များသည် သုံးစွဲသူများ၏ နေ့စဉ် ငွေကြေးလိုအပ်ချက်များအတွက် အထူးစီမံဆောင်ရွက်ထားသော ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ Debit Card နှင့် Credit Card များသည် POS စနစ်ကို အသုံးပြု၍ ဆိုင်ပေါင်းများစွာတွင် ငွေပေးချေနိုင်သည့်အပြင် ATM စက်များမှလည်း ငွေသားထုတ်ယူနိုင်ပါသည်။ Credit Card ကို အသုံးပြုသော သုံးစွဲသူများအနေဖြင့် အဆင်ပြေချောမွေ့၍ လုံခြုံစိတ်ချမှုရှိစွာဖြင့် အွန်လိုင်းမှ ဈေးဝယ်နိုင်ပြီး ပြည်တွင်းနှင့် နိုင်ငံတကာတွင်လည်း အလွယ်တကူ ငွေပေးချေနိုင်ပါသည်။

စံနှုန်းမြင့်မားသော လုံခြုံမှုစနစ်များဖြင့် ဖန်တီးထားသော ကျွန်ုပ်တို့၏ ကဒ်ဝန်ဆောင်မှုများသည် မသမာသူများ၏ ငွေကြေးလိမ်လည်မှု အန္တရာယ်များကို တားဆီးကာကွယ်နိုင်ပြီး ငွေပေးချေမှုတိုင်းကို လုံခြုံမှု ရှိစေပါသည်။ ကဒ်ဝန်ဆောင်မှုကို အသုံးပြုသော သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် လျှော့ ဈေးအစီအစဉ်များစွာကို ဖန်တီး ပေးစွမ်းလျက်ရှိပြီး သုံးစွဲသူများ၏ နေ့စဉ်လူမှုဘဝများကို ပို၍ အဆင်ပြေချောမွေ့စေပါသည်။



## SHWE Bank MPU Platinum Debit Card

With SHWE Bank's MPU Platinum Debit Card you will need an initial deposite of 5,000,000 Kyats.



## SHWE Bank MPU Gold Debit Card

With SHWE Bank's MPU Platinum Debit Card you will need an initial deposite of 1,000 Kyats.




## SHWE Bank Premier Debit Card

With SHWE Bank's Premier Debit Card you will need an initial deposit of 100,000 Kyats.



## SHWE Bank MPU Credit Card (Silver Card)

Regular Credit Card helps you to make cashless transactions with borrowed money. It can be used to purchase goods at stores physically and digitally.



## SHWE Bank MPU Credit Card (Gold Card)

With higher credit limits in SHWE Bank Gold Credit Card, customers can enjoy purchases up to 1,500,000 Kyats.



## SHWE Bank MPU Credit Card (Platinum Card)

The most prestigious card from SHWE Bank. It offers purchases up 5,000,000 Kyats physically and digitally.

# PREMIER BANKING



အစဉ်အမြဲ လေးစားတန်ဖိုးထားရသော Customer များအား တမူထူးခြားကောင်းမွန်သော ဘဏ်ဝန်ဆောင်မှုများပေးစွမ်းနိုင်ရန် Premier Banking ဝန်ဆောင်မှုများကို ၂၀၂၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့ပါသည်။ SHWE Premier သုံးစွဲသူများသည် မြင့်မားသော အတိုးနှုန်းများအပါအဝင် ကျွန်ုပ်တို့၏ စံနှုန်းမြင့်မား၍ တမူထူးခြားကောင်းမွန်သော ဝန်ဆောင်မှု၊ ထုတ်ကုန်များကို ခံစားခွင့်ရှိစေရန် ဆောင်ရွက်ထားပါသည်။

Premier Banking သုံးစွဲသူများအနေဖြင့် စုငွေအနည်းဆုံး သိန်း ၂,၀၀၀ ကျပ် အပ်နှံထားရန်လိုအပ်ပြီး အဆိုပါ စုငွေအပ်နှံမှုအတွက် လစဉ် အတိုးနှုန်း ၈.၂ ရာခိုင်နှုန်း ရရှိနေမည်ဖြစ်သည်။ စာရင်းအပ်နှံငွေ သိန်း ၂,၀၀၀ အောက် အပ်နှံသော သုံးစွဲသူများအနေဖြင့် လစဉ် အတိုးနှုန်း ၇ ရာခိုင်နှုန်း အကျိုးခံစားခွင့်ရှိပါသည်။

ထိုကဲ့သို့သော အကျိုးခံစားခွင့်များအပြင်  SHWE Premier သုံးစွဲသူများသည် အခြားသော ဘဏ်ဝန်ဆောင်မှုများဖြစ်သည့် အွန်လိုင်း၊ ဖုန်း နှင့် fax ဘဏ်ဝန်ဆောင်မှုများကို ဘဏ်ဖွင့်ချိန်တိုး၍ ရရှိနိုင်သည်။ ထို့အပြင် SHWE Bank ၏ မိတ်ဖက် လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ ဆေးရုံများ၊ အခြားသော ဈေးဝယ်ဆိုင်များမှ ပေးသော အထူးဝန်ဆောင်မှုများကို ရရှိခံစားရမည်ဖြစ်သည်။

## SHWE PREMIER CUSTOMERS များအတွက် အကျိုးကျေးဇူးများ

- Relationship Manager (သို့မဟုတ်) အရာရှိတစ်ဦးမှ Premier Banking ဝန်ဆောင်မှုများကို အကောင်းဆုံးရရှိနိုင်စေရန် ကူညီပေးခြင်း။
- ပိုမိုများပြားသော အတိုးနှုန်းနှင့် Overdraft Line ရရှိစေမည့် Premier Banking အကောင့်နှင့် လိုအပ်သည့် ငွေပမာဏအလိုက် အခမဲ့ အလိုအလျောက်ငွေလွှဲပြောင်းပေးမည့် Sweeping Facility။
- ဘဏ်အကောင့်များနှင့် ဘဏ်ဝန်ဆောင်မှုများအတွက် ပိုမိုနှစ်သက်ဖွယ်ရာ အတိုးနှုန်းနှင့် သတ်မှတ်ချက်များ။
- အချိန်တိုးမြှင့်ပေးထားသော ဘဏ်လုပ်ငန်းအချိန်များအပြင် Fax နှင့် Phone Banking အသုံးပြုခွင့်၊ ATM နှင့် Internet Banking များမှ ဝန်ဆောင်မှုရယူနိုင်ခြင်း။
- SHEW Premier Banking တွင် ငွေကြေးဝန်ဆောင်မှုများ လာရောက်ပြုလုပ်သည့်အခါတိုင်း SHWE Lounge တွင် ကော်ဖီနှင့် မုန့်များ အခမဲ့ သုံးဆောင်နိုင်မှာဖြစ်ပြီး အင်တာနက်ကိုလည်း အခမဲ့ အသုံးပြုနိုင်ခြင်း။
- Relationship Manager (သို့မဟုတ်) အရာရှိနှင့် သီးသန့်လူကိုယ်တိုင်တွေ့ဆုံခြင်း၊ ဖုန်းဖြင့်ဆက်သွယ်ခြင်း၊ email ဖြင့်ဆက်သွယ်ခြင်း (သို့မဟုတ်) Web-chat ဖြင့် ဆက်သွယ်နိုင်ခြင်း။
- နေ့စဉ်လုပ်ငန်းဆောင်တာများကို အထိရောက်ဆုံး ဆောင်ရွက်ဖြေရှင်းပေးခြင်း။
- ဘဏ်အကောင့်အခြေအနေနှင့် အတိုးနှုန်းပြောင်းလဲမှုများကို အချိန်နှင့်တပြေးညီအသိပေးခြင်း၊ ရွှေဘဏ်၏ Product

## SAFE DEPOSIT LOCKER SERVICES

- ပထမတစ်နှစ်အတွက် နှစ်စဉ်ကြေးနှင့် ဝန်ဆောင်မှုအသုံးပြုခ အခမဲ့။
- တိကျသော သွင်းငွေပမာဏ။

## SHWE PREMIER BANKING အဖွဲ့ဝင်အဖြစ် သတ်မှတ်သည့်အချက်များ

- အရည်အချင်းသတ်မှတ်ချက်များ ပြည့်မီသော်လည်း Premier Banking အသုံးပြုခွင့်နှင့် အကျိုးကျေးဇူးများ ခံစားခွင့်ရရှိမည်မဟုတ်ပါ။
- အစကနဦးတွင် SHWE Premier Banking ကို ကမ်းလှမ်းခံရသည့်သူများသာ အသုံးပြုခွင့်ရမည်ဖြစ်ပြီး အမှုဆောင်ဒါရိုက်တာ /အထွေထွေမန်နေဂျာ၏ အတည်ပြုချက် လိုအပ်ပါသည်။
- Terms and conditions apply



# AGENT BANKING

နိုင်ငံအနှံ့အပြားရှိ အထူးသဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် အလှမ်းဝေးလျက်ရှိသော ဒေသများရှိ ပြည်သူများအနေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများနှင့် ထုတ်ကုန်များကို လက်လှမ်းမီနိုင်စေရန် SHWE Bank အနေဖြင့် အေးဂျင့် ဘဏ်ဝန်ဆောင်မှုကို ၂၀၁၇ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ မတ်လမှစတင်၍ ငွေသွင်း၊ငွေထုတ်၊ ငွေလွှဲခြင်း အစရှိသည်တို့ပါဝင်သော ငွေကြေးဆိုင်ရာ နှင့် ငွေကြေး ဆိုင်ရာမဟုတ်သော ဝန်ဆောင်မှုများကို မြို့ပေါင်း ၃၇၅ မြို့တွင် အေးဂျင့်ပေါင်း ၃၄၈ ဦးနှင့် လက်တွဲ၍ ပေးစွမ်းလျက်ရှိသည်။ နိုင်ငံ၏ နေရာအနှံ့အပြားသို့ ဖြန့်ကျက်ဝန်ဆောင်မှု ပေးစွမ်းနိုင်ရန်ဖြစ်သော SHWE Bank ၏ မျှော်မှန်းချက်နှင့်အညီ အေးဂျင့်ကွန်ရက်ကို တိုးချဲ့၍ ဝန်ဆောင်မှု ကောင်းများပေးစွမ်းသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ အေးဂျင့်များသည် ကဒ်ဆော့ဖ်ဝဲ အက်ပလီကေးရှင်းပါရှိသော စက်ကိရိယာနည်းပညာဖြင့် သုံးစွဲသူများကို ဝန်ဆောင်မှုများပေးစွမ်းလျက်ရှိပါသည်။

ငွေကြေးဆိုင်ရာဝန်ဆောင်မှုများမှာ

- ဘဏ်စာရင်းဖွင့်လှစ်နိုင်ခြင်း။
- MPU Debit Cardများလျှောက်ထားနိုင်ခြင်း။
- SHWE Bank MPU Debit Cardများမှ ငွေထုတ်ခြင်း။
- Mobile Banking/ I- Banking များလျှောက်ထားနိုင်ခြင်း။
- တခြားဘဏ်MPU Debit Cardများမှ ငွေထုတ်ခြင်း။
- ရွှေဘဏ်တွင်စာရင်းရှိသောသူအချင်းချင်း စာရင်းရွှေ့ပြောင်းခြင်း။
- နိုင်ငံခြားငွေလွှဲများ ထုတ်ယူနိုင်ခြင်း။
- ရွှေဘဏ်တွင် စာရင်းရှိသူမှ အခြားစာရင်းမရှိသူသို့ ငွေလွှဲပေးပို့ခြင်း ။
- ရွှေဘဏ်တွင် စာရင်းမရှိသူမှ အခြားစာရင်းမရှိသူသို့ ငွေလွှဲပေးပို့ခြင်း။
- ဘေလ်များ ပေးဆောင်နိုင်ခြင်း။
- ဖုန်းငွေများ ဖြည့်သွင်းနိုင်ခြင်း။

ငွေကြေးဆိုင်ရာ မဟုတ်သော ဝန်ဆောင်မှုများမှာ

- ငွေလက်ကျန်စစ်ဆေးခြင်း။
- လျှို့ဝှက်နံပါတ်ပြောင်းလဲခြင်း။
- Mini Statementထုတ်ယူခြင်း။

















# ဘဏ်ခွဲလိပ်စာများ

### ရွှေဘဏ်ရုံးချုပ်
အမှတ်(၆၆ - ၇၆)၊ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### ဘုရင့်နောင်ဘဏ်ခွဲ
အမှတ် - ၄၃(၃၉ - အေ)၊ ဘုရင့်နောင်လမ်းမကြီး၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### မန္တလေးဘဏ်ခွဲ
အမှတ်(၁၃၂-၅၁)၊ ၂၇လမ်းနှင့် ၇၉ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

### ရာဇဓိရာဇ်ဘဏ်ခွဲ
အမှတ်- ၁၄၉(C)၊ မြေညီထပ်၊ ရာဇဓိရာဇ်တာဝါ၊ အခန်း(၈/G)၊ (၉/G)၊ (၁၀/G) ၊ သန်လျက်စွန်းလမ်းနှင့် ရာဇဓိရာဇ်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။

### ရွှေဂုဏ်သူဘဏ်ခွဲ
တိုက်အမှတ်(A-1)၊ အခန်းအမှတ် (G-5)၊ ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### မော်လမြိုင်ဘဏ်ခွဲ
အမှတ်(၂၆)၊ ဒိုင်းဝန်ကွင်းလမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့။

### နေပြည်တော်ဘဏ်ခွဲ
ပ/၂၉-၃၀၊ ပွဲရုံတန်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

### ပဲခူးဘဏ်ခွဲ
အမှတ်(၆၂)၊ သနပ်ပင်လမ်း၊ နန်းတော်ရပ်ကွက်၊ ပဲခူးမြို့။

# AGENT HUB လိပ်စာများ

### မင်္ဂလာတောင်ညွန့် Agent Hub
အမှတ် (၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### လှိုင်သာယာ Agent Hub
အမှတ် (၉၅၄ – ဘီ)၊ ဗိုလ်အောင်ကျော်လမ်း၊ (၇) ရပ်ကွက်၊ လှိုင်သာယာ (အရှေ့)၊ ရန်ကုန်တိုင်းဒေသကြီး။

### သာကေတ Agent Hub
ရန်ပြေ (၂၂) လမ်း၊ ရွှေမြန်မာ သမဝါယမရပ်ကွက်အနီး၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### ပုဗ္ဗသီရိ Agent Hub
အမှတ် (၁/ ၈၇၃)၊ ကျည်တောင်ကန်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်တိုင်းဒေသကြီး။

### ပျဉ်းမနား Agent Hub
အမှတ် (၃/ ၇)၊ ယုဇနလမ်း၊ သာကြည်စုရပ်ကွက်၊ နေပြည်တော်တိုင်းဒေသကြီး။

### သထုံ Agent Hub
အမှတ် (ဘီ - ၇/၈)၊ ဆေးရုံလမ်း၊ ရွှေစာရံဈေးတန်း၊ သထုံမြို့။

### ကျိုက်ထို Agent Hub
အမှတ် (၄၉/ဘီ)၊ (၅၀/အေ)၊ ဗိုလ်ချုပ်လမ်း၊ ကရွတ်စန်းနိုင်ရပ်ကွက်၊ ကျိုက်ထိုမြို့။

### ညောင်လေးပင် Agent Hub
အမှတ် (၃၉)၊ မန္တလေးလမ်း၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

### ဒိုက်ဦး Agent Hub
အမှတ် (၆၄)၊ ဘူတာလမ်း၊ အမှတ် (၂) ကုန်သည်ရပ်ကွက်၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။

### လှည်းကူး Agent Hub
အမှတ် (အေ/ ၄၃)၊ လှည်းကူး တာဆုံ၊ ရန်ကုန် - မန္တလေးလမ်းမကြီး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

### မုဒုံ Agent Hub
အမှတ် (၂၅၈/စ)၊ မင်းတန်းရပ်၊ မြို့မ (၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

### သံဖြူဇရပ် Agent Hub
အမှတ် (၂၀)၊ ဂန္ဓမာလမ်း၊ အောင်ဇေယျရပ်ကွက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။

### ပေါင်းတည် Agent Hub
ရွှေတောင်လမ်း၊ မင်းကွက် (၃) ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး။

### ကြို့ပင်ကောက် Agent Hub
အမှတ် (၇၉/၁၂၅)၊ နွယ်ခွေလမ်း၊ နွယ်ခွေရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး။



# ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဝန်ဆောင်မှု

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွါးခဲ့ချိန်မှစ၍ ဒစ်ဂျစ်တယ်နည်းပညာကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်နှင့်အမျှ ဒစ်ဂျစ်တယ် ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို အသုံးပြုသူဦးရေ တိုးပွါးလာခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ သုံးစွဲသူဦးရေ ၈၉၅၀ ဦးရေ ထိရှိခဲ့ပြီး စုစုပေါင်း ငွေလွှဲတန်ဖိုးမှာ ၈၃၀၇ မီလီယံကျပ်အထိ ရှိခဲ့သည်။

ဒစ်ဂျစ်တယ် ဘဏ်ဝန်ဆောင်မှုများမှာ

- အဆင်ပြေစွာ သုံးစွဲနိုင်မှု
- အချိန်ကုန်သက်သာခြင်း
- ပိုမိုကောင်းမွန်သော ငွေကြေးစီမံခန့်ခွဲမှု
- ပိုမိုမြန်ဆန်သော ငွေလွှဲပြောင်းမှုများ
- ငွေလွှဲပြောင်းမှုမှတ်တမ်းနှင့် စာရင်းရှင်းတမ်းရယူနိုင်ခြင်း
- လုံခြုံစိတ်ချစွာ ငွေလွှဲပြောင်းနိုင်မှုများ အစရှိသည့် အကျိုးခံစားခွင့်များ ပေးစွမ်းသည်။

မိုဘိုင်းလ် ဘဏ်စနစ်မှတစ်ဆင့်

- စာရင်းလွှဲပြောင်းခြင်း
- ဖုန်းဘေလ်ဖြည့်သွင်းခြင်း
- SkyNet ဘေလ်ပေးဆောင်ခြင်း
- စာရင်းရှင်းတမ်းရယူခြင်း
- လျှပ်စစ်မီတာဘေလ်ပေးဆောင်ခြင်း။
- အခြားဘဏ်သို့ စာရင်းလွှဲပြောင်းခြင်း အစရှိသည်တို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။

Internet Banking ဝန်ဆောင်မှုများမှတစ်ဆင့်

- စာရင်းလွှဲပြောင်းခြင်း
- ဖုန်းဘေလ်ဖြည့်သွင်းခြင်း
- SkyNet ဘေလ်ပေးဆောင်ခြင်း
- လစာ/ဝန်ထမ်းစရိတ် ပေးဆောင်ခြင်း
- စာရင်းရှင်းတမ်းရယူခြင်း
- လျှပ်စစ်မီတာဘေလ်ပေးဆောင်ခြင်း။
- အခြားဘဏ်သို့ စာရင်းလွှဲပြောင်းခြင်း အစရှိသည့် ဝန်ဆောင်မှုများကို ရယူ သုံးစွဲနိုင်ပါသည်။

SHWE Bank အနေဖြင့် မြင့်မားသော နည်းပညာများနှင့် လုပ်ဆောင်နိုင်မှု စွမ်းအားကို တိုးမြှင့်လျက် ခေတ်မီဆန်းသစ်သော ဒစ်ဂျစ်တယ် ဘဏ်ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များကို အရှိန်အဟုန်မြှင့် ပေးစွမ်းသွားမည်ဖြစ်ပြီး သုံးစွဲသူများအား ဒစ်ဂျစ်တယ် ခေတ်ရေစီးကြောင်းနှင့် လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

# လူမှုအကျိုးပြု ဆောင်ရွက်ချက်များ

## လူမှုအသိုက်အဝန်းအတွင်း အပြုသဘောဆောင်သော လုပ်ဆောင်ချက်များကို တိုးမြှင့် ဆောင်ရွက်ခြင်း

SHWE Bank သည် မြန်မာနိုင်ငံရှိ လူမှုအသိုက်အဝန်းတစ်ခုလုံးအား အလေးထားလျက် ပိုမိုကောင်းမွန်သော အကျိုးရလဒ်များနှင့် ရေရှည်တည်တံ့မှုရှိသော ကောင်းကျိုးရလဒ်များကို ယူဆောင်လာရန်မှာ SHWE Bank ၏ ကတိကဝတ်တစ်ခုပင်ဖြစ်သည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို စတင်ပေးစွမ်းစဉ်မှစ၍ ကျွန်ုပ်တို့သည် ချစ်ကြည်ရင်းနှီးမှု၊ ကြင်နာမှုများကို မျှဝေလျက်ရှိပြီး အနာဂတ် ရင်သွေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းမှုများတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။









## ရေရှည်တည်တံ့မှုကို ဦးတည်လျက် သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်

SHWE Bank ၏ ရေရှည်တည်တံ့မှုကို ဦးတည်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်တစ်ခုအဖြစ် သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ သစ်ပင်ဆိုသည်မှာ ကျွန်ုပ်တို့နှင့် သဘာဝပတ်ဝန်းကျင်အား နေ့စဉ်ကောင်းကျိုးများကို ပေးစွမ်းနေသော အရာပင်ဖြစ်သည်။ သစ်ပင်များ ကြီးထွားလာသည်နှင့်အမျှ လေထုထဲသို့ အောက်စီဂျင်များ ထုတ်လွှင့်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထိန်းသိမ်းပေးကာ ရာသီဥတုပြောင်းလဲမှုကို တားမြစ်ပေးပါသည်။

SHWE Bank မိသားစုအနေဖြင့် ၂၀၂၃ ခုနှစ်၊ မတ်လအထိ ပဲခူးမြို့နယ်တစ်ဝိုက်တွင် သစ်ပင်ပေါင်း ၁၀,၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် ရေရှည်တည်တံ့မှုကို အားပေး ဆောင်ရွက်လျက်ရှိသည်။ နှစ်နှစ်ဆက်တိုက်ဆောင်ရွက်ရန် စီမံထားသော အဆိုပါ သစ်ပင်စိုက်ပျိုးမှုအစီအစဉ်သည် SHWE Bank ၏ မိတ်ဖက်များ၊ သုံးစွဲသူများနှင့်အတူ မြန်မာနိုင်ငံ အနှံ့အပြားတွင် အတူတကွ သစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်သည်။











## အနာဂတ် ရင်သွေးငယ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီမှု

ရင်သွေးငယ်များသည် ရေရှည်တည်တံ့သော အနာဂတ်ကောင်းကို ဖန်တီးရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ SHWE Bank မိသားစုသည် မိဘမဲ့ကလေးဂေဟာရှိ ကလေးငယ်များအတွက် ကျောင်းသုံး ပစ္စည်းများအား လှူဒါန်းခြင်းဖြင့် ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကမ္ဘာ့ကလေးငယ်များနေ့ အထိမ်းအမှတ်အဖြစ် ရွှေဂုံတိုင် ကလေးစောင့်ရှောက်ရေး စင်တာရှိ ကလေးငယ်များအား လိုအပ်သည့် အသုံးအဆောင် ပစ္စည်းများ လှူဒါန်းခြင်းဖြင့် ပံ့ပိုးကူညီခဲ့ပါသည်။

SHWE Bank ၏ လှူဒါန်းမှုတွင် ကလေးနို့မှုန့်များ၊ ဒိုက်ဘာများ နှင့် အခြားသော ကလေးအသုံးအဆောင်ပစ္စည်းများကို လှူဒါန်းလျက် ကလေးငယ်များ၏ ဘဝဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ကောင်းများ ပြုလုပ်ခဲ့ပါသည်။ ယခုအစီရင်ခံစာ ထုတ်ပြန်ချိန်တွင် SHWE Bank အနေဖြင့် ကလေးငယ်ပေါင်း ၁,၀၀၀ ခန့်ကို ပံ့ပိုးကူညီခဲ့ပြီး ၎င်းတို့အား တောက်ပသော အနာဂတ်သို့ လျှောက်လှမ်းနိုင်ရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုး လုပ်ဆောင်ခဲ့ပါသည်။ SHWE Bank သည် ဆက်လက်၍ အနာဂတ် ကလေးငယ်များအတွက် ပိုမိုကောင်းမွန်သော ကောင်းကျိုးများကို ယူဆောင်လာလျက် ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းစွမ်းတမံဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။









# OUR ACHIEVEMENT




# သီးခြားလွတ်လပ်သော စာရင်းစစ်၏ အစီရင်ခံစာ

CBM Licence No: MaVaBa/ PaBa (R)-23/08/2016

**SHWE (RURAL & URBAN) DEVELOPMENT BANK LIMITED**
(Incorporated in Republic of the Union of Myanmar)

**STATEMENT OF FINANCIAL POSITION AS AT 31 MARCH 2023**

| | Notes | 31 March 2023 MMK | 31 March 2022 MMK |
|---|---|---|---|
| **ASSETS** | | | |
| Cash and balances with banks | 6 | 72,810,991,601 | 60,116,679,419 |
| Loan and advances | 7 | 260,558,910,982 | 224,685,346,031 |
| Investment | 8 | 200,000,000 | 200,000,000 |
| Other assets | 9 | 57,048,808,748 | 39,670,283,022 |
| Property, plant and equipment | 10 | 44,575,340,148 | 44,748,041,406 |
| Intangible assets | 11 | 4,645,670,076 | 4,944,931,893 |
| **Total assets** | | **439,839,721,555** | **374,365,281,771** |
| **SHAREHOLDER'S EQUITY AND LIABILITIES** | | | |
| **Liabilities** | | | |
| Deposits from customers | 12 | 253,025,997,798 | 173,197,669,254 |
| Other liabilities | 13 | 9,117,258,714 | 12,589,447,385 |
| Borrowings | 14 | 112,226,600,000 | 125,289,800,000 |
| **Total liabilities** | | **374,369,856,512** | **311,076,916,639** |
| **Shareholder's equity** | | | |
| Share capital | 15 | 60,525,000,000 | 60,525,000,000 |
| Reserves | 16 | 4,269,500,000 | 3,363,500,000 |
| Retained earnings | | 675,365,043 | (600,134,868) |
| **Total equity** | | **65,469,865,043** | **63,288,365,132** |
| **Total liabilities and equity** | | **439,839,721,555** | **374,365,281,771** |
| **OFF-BALANCE SHEET** | | | |
| Guarantees | 29 | **3,893,480,000** | **7,570,357,459** |
| Commitments | 29 | **485,310,742** | - |

**Authenticated by:**

| Chief Executive Officer (CEO) | Managing Director (MD) | Director | Head of Account |
|---|---|---|---|

*The accompanying notes form an integral part of the financial statements*

9

CBM Licence No: MaVaBa/ PaBa (R)-23/08/2016

**SHWE (RURAL & URBAN) DEVELOPMENT BANK LIMITED**
(Incorporated in Republic of the Union of Myanmar)

**STATEMENT OF PROFIT OR LOSS AND OTHER COMPREHENSIVE INCOME**
**FOR THE FINANCIAL YEAR ENDED 31 MARCH 2023**

| | Notes | 1-Apr-2022 to 31-Mar-2023 MMK | 1-Oct-2021 to 31-Mar-2022 MMK |
|---|---|---|---|
| Interest income | 17 | 24,607,132,970 | 11,463,071,637 |
| Interest expense | 18 | (26,763,747,339) | (10,033,167,702) |
| **Net interest income** | | **(2,156,614,369)** | **1,429,903,935** |
| Fee and commission income | 19 | 13,048,346,504 | 3,510,048,184 |
| Gain on foreign exchange (net) | 20 | 1,403,748,801 | - |
| Other income | 21 | 162,116,050 | 671,591,522 |
| **Total net revenue** | | **12,457,596,986** | **5,611,543,641** |
| **Other expenses: -** | | | |
| Personnel expenses | 22 | (5,047,305,602) | (1,911,866,744) |
| Rent expense | 23 | (126,220,000) | (46,203,000) |
| General and administrative expenses | 24 | (989,441,122) | (539,935,221) |
| Loss on foreign exchange (net) | 20 | - | (1,783,944,642) |
| Other expenses | 25 | (3,272,479,636) | (771,733,906) |
| Depreciation & amortization expenses | 10 | (790,553,814) | (375,150,606) |
| **Total other expenses** | | **(10,226,000,177)** | **(5,428,834,119)** |
| **Net profit/(loss) before income tax** | | **2,231,596,811** | **182,709,522** |
| Less: Income tax expenses | 26 | (50,096,900) | (40,196,095) |
| **Net profit/(loss) for the year** | | **2,181,499,911** | **142,513,427** |
| Other comprehensive income | | - | - |
| **Total Comprehensive income/ (loss)** | | **2,181,499,911** | **142,513,427** |

**Authenticated by:**

| Chief Executive Officer (CEO) | Managing Director (MD) | Director | Head of Account |
|---|---|---|---|

*Note: Pursuant to the announcement of the Ministry of Planning and Finance (MOPF) dated 01 October 2021 regarding a change to the income year in Myanmar, the Bank was required to change its financial year from "1 October to 30 September" to "1 April to 31 March" effective from 1 October 2021 and has prepared a six months period of financial statements from 1 October 2021 to 31 March 2022 ("Transition period for the mini financial year") and which is compared with the financial figures of current financial year from 1 April 2022 to 31 March 2023 (one year).*

*The accompanying notes form an integral part of the financial statements*

10

CBM Licence No: MaVaBa/ PaBa (R)-23/08/2016

**SHWE (RURAL & URBAN) DEVELOPMENT BANK LIMITED**
(Incorporated in Republic of the Union of Myanmar)

**STATEMENT OF CASH FLOWS**
**FOR THE FINANCIAL YEAR ENDED 31 MARCH 2023**

| | 1-April-2022 to 31-Mar-2023 MMK | 1-Oct-2021 to 31-Mar-2022 MMK |
|---|---|---|
| **Cash flows from operations** | | |
| Net profit before tax | 2,231,596,811 | 182,709,522 |
| *Adjustments for:* | | |
| Depreciation and amortization | 790,553,814 | 375,150,606 |
| **Operating profit before working capital changes** | 3,022,150,625 | 557,860,128 |
| **Movement in working capital:** | | |
| Loans and advances | (35,873,564,951) | (1,762,694,929) |
| Other assets | (17,378,525,726) | (6,292,863,074) |
| Deposit from customers | 79,828,328,544 | 22,305,166,019 |
| Other payables and accrued liabilities | (3,482,089,472) | (7,517,577,604) |
| | **26,116,299,020** | **7,289,890,540** |
| Income tax paid | (40,196,095) | - |
| **Net inflows from operating activities** | **26,076,102,925** | **7,289,890,540** |
| **Cash flows from investing activities** | | |
| Purchase of property, plant & equipment | (322,315,650) | (375,442,804) |
| Cash received from supplier for fixed asset return | 3,724,907 | - |
| Sale in government securities | - | 1,000,000,000 |
| **Net cash (outflows to)/inflows from investing activities** | **(318,590,743)** | **624,557,196** |
| **Cash flows from financing activities** | | |
| Borrowings | (13,063,200,000) | 17,103,400,000 |
| **Net cash (outflows to)/inflows from financing activities** | **(13,063,200,000)** | **17,103,400,000** |
| **Net increase in cash in hands and at banks** | **12,694,312,182** | **25,017,847,736** |
| Cash and cash equivalents at the beginning of the year | **60,116,679,419** | **35,098,831,683** |
| **Cash and cash equivalents at the end of the year** | **72,810,991,601** | **60,116,679,419** |

*The accompanying notes form an integral part of the financial statements*

12

SHWEBank

CONTACT INFORMATIONS

Postal Address

No. 66-76, Corner of Merchant Rd &
Pansodan Rd, Kyauktada Tsp, Yangon

Office

No. 66-76, Corner of Merchant Rd &
Pansodan Rd, Kyauktada Tsp, Yangon

WWW.SHWEBANK.COM